ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့ (9-2-2012)(၇၀၃၀)

မြန်မာပြည်သူများကသာ မြန်မာနိုင်ငံ၏ သာယာလှပမှုကို ဖန်တီးပေးနိုင်သူများဖြစ်

ယနေ့အချိန်အခါတွင် အင်အားကြီးမားသောသူတို့က အင်အားနည်းသောသူတို့ကို လွှမ်းမိုးချုပ်ကိုင်နိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းလျက်ရှိသည်ကို ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက အထူးသတိပြုရမည်ဖြစ်ပေသည်။ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် မြန်မာပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန် လိုအပ်ပေသည်။ မြန်မာပြည်သူများကသာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာနိုင်ငံ၏ သာယာလှပမှုတို့ကို ဖန်တီးပေးနိုင်သူများဖြစ်ကြသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲလျှင် တိုင်းတစ်ပါးသားတို့၏ လွှမ်းမိုးချုပ်ကိုင်မှုအောက်သို့ ပြန်လည်ကျရောက်နိုင်သည်ကို သတိပြုသင့်ပေသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

[၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ ကောက်နုတ်ချက်]

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပ

ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌများ တာဝန်ပေးအပ်ခြင်းနှင့် ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၈

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၆၃)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ တာဝန်ပေးအပ်ခြင်းနှင့် ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ တာဝန်ပေးအပ်ခြင်းကဏ္ဍ၌ ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင်များဖြစ်ကြသည့် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်နှင့် ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစံထွန်းတို့အား ယင်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင်များဖြစ်ကြသည့် ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်းတို့အား ယင်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း တာဝန်ပေးအပ်ရာ လွှတ်တော်က သဘောတူဆုံးဖြတ်သည်။

ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်းကဏ္ဍ၌ **နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းများ**တွင် ပါဝင်သည့် သားငါးကဏ္ဍ၊ လယ်ယာကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍတို့နှင့် စပ်လျဉ်း၍ ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း၊ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့်၊ သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၊ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)မှ ဦးနေဝင်းထွန်း၊ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၊ မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၊ ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၊ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၊ မော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော်နှင့် ဂွမဲဆန္ဒနယ်မှ ဦးကြည်သာတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်ဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။

ယနေ့ အစည်းအဝေးကို ညနေ ၃ နာရီ ၁၀ မိနစ်တွင် ရပ်နားပြီး အစည်းအဝေးအဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မြေထဲပင်လယ်ကြမ်းပြင်မှ ရေအောက်မြက်ပင်တစ်မျိုး ကမ္ဘာ့သက်တမ်းအရင့်ဆုံးသက်ရှိရုက္ခမျိုးစိတ် ဖြစ်လာနိုင်

ဆစ်ဒနီ ဖေဖော်ဝါရီ ၈

မြေထဲပင်လယ်ရေအောက်ကြမ်းပြင်၌ ပေါက်ရောက်သော ရှေးခေတ် ဧရာမပင်လယ်မြက်ပင်တစ်မျိုးကို ကမ္ဘာပေါ်၌ သက်တမ်းအရင့်ဆုံး သက်ရှိရုက္ခမျိုးစိတ်အဖြစ် သိပ္ပံပညာရှင်များက သုံးသပ်ယူဆထားကြောင်း ဖေဖော်ဝါရီ ၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

Posidonia Oceanic အမည်ရှိ အဆိုပါ ပင်လယ်မြက်မျိုးစိတ်သည် သက်တမ်းအရ နှစ်ပေါင်း ၂၀၀၀၀၀ အထက်ရှိကြောင်း သိပ္ပံပညာရှင်များက သတ်မှတ်ခဲ့ကြသည်။

စပိန်နိုင်ငံမှသည် ဆိုက်ပရပ်စ်ကျွန်းနိုင်ငံအထိ မိုင် ၂၀၀၀ ကျော်ကျယ်ဝန်းသည့် ဧရိယာအဝန်းအဝိုင်းအတွင်း ပေါက်ရောက်လျက်ရှိသော ပင်လယ်မြက် အမျိုးအစား ၄၀ အနက် Posidonia Oceanic မျိုးစိတ်၏ မျိုးဗီဇများကို ခြေစတြေးလျှသိပ္ပံပညာရှင်များက ကွင်းဆက်လိုက် လေ့လာခဲ့ကြသည်။

လေ့လာသုံးသပ်မှုများအရ Posidonia Oceanic ပင်လယ်မြက်ပင်များသည် သက်တမ်းအားဖြင့် **စာမျက်နှာ ၃ ကော်လံ ၃ သို့◆**

ယ နေ့ သ တ င် း အ ညွှ န် း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် ဒုတိယမြောက်ဖွင့်လှစ်ခဲ့သော ထားဝယ်-သရက်ချောင်းရထားလမ်းပိုင်း — ပြည်တွင်းသတင်း စာမျက်နှာ - ၇

ပင်လယ်ထက်က နေဝန်းနီ ရုပ်ရှင်ဇာတ်ကားတွင် ထူးချွန်ဆုရရှိခဲ့သော အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြု — ပြည်တွင်းသတင်း စာမျက်နှာ - ၁၀

ကြေးမုံ စာတည်းရှုထောင့်

၉-၂-၂၀၁၂[ကြာသပတေးနေ့]။

ထာဝရ အလှပန်းများ ပွင့်လန်းဝေဆာ

ဆီးနှင်းပွင့်များ ဖုံးလွှမ်းနေသော တောင်တန်းကြီးများက ဝေသီမြင့်မားသမျှ ငွေရောင်ဆမ်းထားသည်သို့ နိုင်ငံမြောက်ဖျား တောင်တန်းကြီးများအကြား မေခ၊ မလိခ မြစ်နှစ်သွယ်ပေါင်းဆုံရာမှ မြစ်မင်းဧရာဝတီအဖြစ် စီးဆင်းလာခဲ့သည်မှာ တောင်ဘက်သမုဒ္ဒရာအစပ် မြစ်ဝကျွန်းပေါ်အထိ တခြိမ့်ခြိမ့်တသွင်သွင် ညင်ညင်သာသာ။ ဤမြစ်ကြီးကို အမှီပြု၍ အရှေ့အနောက် တောင်မြောက် ဝဲယာဒေသတစ်ခွင်တစ်ပြင်သည် မြသားကမ္ဗလာ စိမ်းရောင်ဖြာနေသည့် သစ်တောကြီးများ၊ မြစ်ဝှမ်းလွင်ပြင်များ၊ သီးနှံစုံစိုက်ခင်းများဖြင့် လှလှပပ သာသာယာယာ။

မြန်မာ့သဘာဝ ရေမြေဝန်းကျင်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများစွာတို့ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည်မှာ ဘိုးဘေး ဘီဘင် အစဉ်အဆက်မှသည် ယနေ့ကာလအထိတိုင်။ ရေ မြေ သဘာဝ၊ နေရာဒေသအလိုက် ရိုးရာဓလေ့ အယူအဆ၊ ဘာသာစကား၊ ရိုးရာယဉ်ကျေးမှုများ ထွန်းကားလျက်ရှိသော်လည်း တူညီသည့်ယဉ်ကျေးမှုအခြေခံများကို ဝေမျှပိုင်ဆိုင်နေကြသည်သာ။

ဤမြေ ဤရေပေါ်တွင် တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေကြသည့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများသည် တစ်သားတည်း။ သမိုင်းကြောင်းတစ်လျှောက် တွေ့ကြုံခဲ့ရသော ကောင်းကျိုး၊ ဆိုးကျိုးများကို မျှဝေခံစား စံစားခဲ့ကြသည်မှာလည်း ညီကိုနောင်ရင်း သွေးချင်းသားချင်းများပင်။ တိုင်းရင်းသားချင်း လေးစားချစ်ခင် နားလည်စာနာကြည်ဖြူခွင့်လွှတ်မှုများဖြင့် ညီညီညွတ်ညွတ် လက်တွဲနေထိုင်နိုင်ကြသည်မှာ ပြည်ထောင်စုသားတို့၏ ခိုင်မာမြဲမြံ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ ရှင်သန်နေခြင်းကြောင့်ပင်။

ဤမျှ ပေါင်းစည်းချစ်ကြည် ပြည်ထောင်စု၏ ဝိသေသဂုဏ်ရည်များဖြစ်တည်နေသည့် နယ်မြေဒေသအနှံ့တွင် နေထိုင်ကြသည့် တိုင်းရင်းသားတို့၏ အစိတ်အပိုင်းတစ်ရပ်ရပ်သည်ပင် သီးသီးသန့်သန့်ခွဲခြားပိုင်းဆစ်၍ မရနိုင်ပေ။ ယင်းသို့ ရေမြေချင်းဆက်စပ်နေသော်လည်း ပထဝီအနေအထားအရ သဘာဝမြစ်ချောင်းကြီးများ ခြားနားလျက်ရှိ၏။ တောတောင်လျှိုမြောင် ချိုင့်ဝှမ်းကြီးများ ကာဆီးနေခဲ့၏။ တိုင်းရင်းသားချင်း အနေနီးလျက် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ခရီးကွာလှမ်းခဲ့ကြရ၏။ ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းတို့ လှမ်းမျှော်ရှုမြင်နေရသည့်တိုင် နေ့ချင်းပင် ခရီးကမပေါက်။ ဖွံ့ဖြိုးစည်ပင်မှု နောက်ကျခဲ့ရ၏။

ယနေ့သော် ပြည်ထောင်စုတစ်ခွင် တိုင်းရင်းသားပညာရှင်တို့၏ အားမာန်ဖြင့် တောင်တွေ့လျှင် လမ်းဖောက်ကြ၏။ မြစ်တွေ့လျှင် တံတားဆောက်ကြ၏။ ကချင်ပြည်နယ်၌ ယခုရက်ပိုင်းအတွင်း ဖွင့်လှစ်လိုက်သည့် ဧရာဝတီတံတား (စင်းခန်း)အပါအဝင် ဧရာဝတီမြစ်ဖြတ်ကျော်တံတားကြီးပေါင်း ၁၁ စင်း ရှိနေပြီဖြစ်၏။ အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း ပေါ်ထွက်ခဲ့ပြီဖြစ်၏။ နိုင်ငံတော်၏ တောင်နှင့်မြောက် အရှေ့နှင့်အနောက် ဆက်သွယ်သွားလာနိုင်သည့် ကားလမ်းသစ်ကွန်ရက်များ လက်ယှက်ထိုးဖောက်လုပ်လျက်ရှိရာ ယနေ့အချိန်အခါတွင် တိုင်းရင်းသားချင်း အနေလည်းနီး ခရီးလည်းသာနေပေပြီ။

နိုင်ငံတစ်ဝန်း ပေါင်းကူးဆက်သွယ်ပေးနိုင်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးပေါ်မှ ဧရာဝတီတံတား(ပခုက္ကူ)တို့ အပါအဝင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးများပေါ်မှ တံတားကြီးငယ် အသွယ်သွယ်တို့သည် ပြည်ထောင်စု၏ နယ်မြေဒေသများကို ဆက်သွယ် ဖွံ့ဖြိုးတိုးပွားစည်ပင်စေမည်ဖြစ်သည်။ တိုင်းရင်းသားအားလုံး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်းများ မြင့်မားလာရေး အကျိုးပြုနိုင်မည်ဖြစ်သည်။

စည်းလုံးညီညွတ်ခြင်းသည် ပြည်ထောင်စု၏ အင်အားဖြစ်သည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးက ပြည်ထောင်စုကြီး၏ ဝိသေသဂုဏ်ရည် စည်းလုံးခြင်း၊ ညီညွတ်ခြင်းများ ဖြစ်တည်နေအောင် အားထုတ်ကြရပါမည်။ နိုင်ငံ၏ အခြေခံကောင်း၊ အခြေအနေကောင်းများနှင့်အတူ ထာဝရငြိမ်းချမ်းရေးပေါ်ထွန်းလာရေး ကြိုးပမ်းကြခြင်းဖြင့် ပြည်ထောင်စုပန်းခင်းကြီးထဲမှ ထာဝရအလှပန်းများ ပွင့်လန်းဝေဆာလာနိုင်မည်ဟု ရှုမြင်မိပါသည်။ ။

လယ်ယာထွက်ကုန်တန်ဖိုးမြှင့်စက်ရုံများ တည်ဆောက်ရင်းနှီးမြှုပ်နှံရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ITOCHU Corporation မှ Executive Vice President Mr.Yoichi Kobayashi ဦးဆောင်သော အဖွဲ့ဝင် ၁၀ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံအနေဖြင့် စားအုန်းဆီ တစ်နှစ်လျှင် တန်ချိန် သုံးသိန်းခန့် တင်သွင်းနေရပြီး ITOCHU ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင် လယ်ယာထွက်ကုန်ပစ္စည်းများကို ကုန်ကြမ်းအတိုင်း ဝယ်ယူတင်ပို့နေမည့်အစား တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ထုတ်လုပ်နိုင်ရန် စက်ရုံတည်ဆောက် ရင်းနှီးမြှုပ်နှံ၍ ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဆန်စပါးနှင့် ပတ်သက်ပြီး လွတ်လပ်စွာ ပြည်ပတင်ပို့ခွင့်ပြုပြီးဖြစ်သကဲ့သို့ မြေပဲဆီ၊ နှမ်းဆီ စသည်တို့ကိုလည်း လွတ်လပ်စွာ ပြည်ပတင်ပို့ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ သို့ပါ၍ ITOCHU ကုမ္ပဏီအနေဖြင့် မြေပဲဆီ၊ နှမ်းဆီ၊ ဆန်စပါးနှင့် ပတ်သက်သည့် စက်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံတည်ဆောက်၍ ပြည်ပသို့တင်ပို့နိုင်ရေး အခွင့်အလမ်းများ ရရှိပြီးဖြစ်ပါကြောင်းနှင့် မြန်မာ့ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးကျေးဇူးရရှိစေရေးအတွက် ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်သင့်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ITOCHU Corporation မှ Executive Vice President Mr.Yoichi Kobayashi ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၉-၂-၂၀၁၂ (ကြာသပတေးနေ့)

၇း၃၅	မျိုးချစ်တပ်မတော်
၇း၄၀	အေးချမ်းသာယာပြည်မြန်မာ
၇း၅၀	အမျိုးသားရေးတေးကဗျာ
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၄း၁၀	မျိုးချစ်တပ်မတော်
၄း၂၀	အေးချမ်းသာယာပြည်မြန်မာ
၄း၃၀	အမျိုးသားရေးတေးကဗျာ
၅း၁၀	၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ(အင်္ဂလိပ်စာ)
၅း၃၀	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၄၂)**
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၂၃)
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၅၀)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း အနုပညာရှင်၏တစ်နေ့တာ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်ကြီး. . . ချစ် (အပိုင်း-၁၃)** **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သမုဒ္ဒယနှောင်ကြိုး (အပိုင်း-၁)**

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၈ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၇၀၀၀	၀. ၀၃၂၅၇
တရုတ် (ယွမ်)	၆. ၂၉၈၈၀	၀. ၁၅၈၇၆
အိန္ဒိယ (ရူပီး)	၄၉. ၁၅၀၀	၀. ၀၂၀၃၅
မလေးရှား (ရင်းဂစ်)	၃. ၀၀၁၅၀	၀. ၃၃၃၁၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၄၅၇	၀. ၈၀၃၄၉
ဂျပန် (ယန်း)	၇၆. ၈၈၆၅	၀. ၀၁၃၀၁
တောင်ကိုရီးယား(ဝမ်)	၁၁၁၅. ၃၅	၀. ၀၀၀၉၀
ယူရို	၀. ၇၅၃၄၆	၁. ၃၂၇၂၁
ဗြိတိသျှ (ပေါင်)	၀. ၆၂၈၈၂	၁. ၅၉၀၂၈

အင်တာနက်။

ပွင့်လင်းရာသီမီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၃) နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက်ဝင်းရှိ ပုံနှိပ်စက်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်၊ သတင်းစာတိုက်များမှ မန်နေဂျာများနှင့် ဝန်ထမ်းများတက်ရောက်ကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ဦးဌေးဝင်းက မီးလောင်မှုအမျိုးမျိုးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားကာ မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြသသည်။

မီးသတ်ဦးစီးဌာန တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ဦးဌေးဝင်း ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားတွင် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

(သတင်းစဉ်)

ပြွန်တန်ဆာအသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြွန်တန်ဆာအသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ခမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အသက် (၇၅)နှစ် ပြည့်ပြီးသော အသင်းဝင်များနှင့် မိဘများစာရင်း၊ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော သားသမီးများ၏ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသော အမှတ်စာရင်းမိတ္တူတို့ကို ဦးသောင်းလွင် ဖုန်း-၅၄၂၅၉၈၊ ဦးတင်မောင်အေး ဖုန်း-၆၆၃၀၈၅၊ ဦးကျော်သိန်း ဖုန်း-၆၄၂၆၆၁၊ ဦးညွန့်ကြည် ဖုန်း-၅၀၂၇၀၃၊ ဦးစောလှ ဖုန်း-၂၉၈၈၂၇၊ ဦးခင်ရွှေ ဖုန်း-၂၉၅၁၂၃၊ ဦးကိုကိုကြီး ဖုန်း-၇၃၁၄၀၇၅၂၊ ဦးသန်းထွဋ်ဆွေ ဖုန်း-၃၉၈၁၃၀၊ ဦးမောင်မောင်စည်သူ ဖုန်း-၇၃၀၃၉၈၂၀ နှင့် ဒေါ်ခင်သက်နိုင် ဖုန်း-၂၂၆၅၇၈ တို့သို့ ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်နေ ဦးခွေးပု၊ ဦးကုလား၊ ဒေါ်သီ၊ ဦးခွေးနီတို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

မစ္စတာ မူရတ် ရာဘုစ် အက်တီစ်အား တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ မူရတ် ရာဘုစ် အက်တီစ်အား ခန့်အပ်ရန် တူရကီအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မူရတ် ရာဘုစ် အက်တီစ်သည် ၁၉၆၅ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် အန်ကာရာတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် လူမှုသိပ္ပံဘာသာရပ်ဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ ယင်းနှစ်တွင်ပင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အငယ်တန်းသံတမန်အဖြစ် စတင်ဝင်ရောက်ကာ ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ရီရတ်ဒ်မြို့၊ ဘရပ်ဆဲလ်မြို့၊ တိုကျိုမြို့နှင့် ဒူဘိုင်းမြို့တို့ရှိ တူရကီသံရုံးများတွင်လည်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ၎င်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန စွမ်းအင်၊ ရေနှင့် ပတ်ဝန်းကျင်ဆိုင်ရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မူရတ် ရာဘုစ် အက်တီစ်သည် ရန်ကုန်တွင်ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်မရှိသူဖြစ်သည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သုဓမ္မာ-ဝေဘာဂီ(၆ ကွေ့) လမ်းဆုံအချက်ပြမီးပွိုင့်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မောင်းနှင်မှုများအား ခေတ်မီပစ္စည်းကိရိယာများဖြစ်သည့် e-Police Red Light Running Camera များ တပ်ဆင်ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစတင်၍ မှတ်တမ်းတင်ရိုက်ကူးအရေးယူ ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုပါ e-Police Red Light Running Camera ဖြင့် မှတ်တမ်းတင်အရေးယူခြင်းခံရပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ နာဂါစကီတက္ကသိုလ်တို့အကြား ပညာရပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု သဘောတူညီမှု လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၈

ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ နာဂါစကီတက္ကသိုလ်တို့အကြား ဆေးပညာရပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်တွင် ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဂျပန်နိုင်ငံ နာဂါစကီတက္ကသိုလ်မှ ပါမောက္ခ Takehiko Koji နှင့် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးတို့သည် နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

အထက်ပါသဘောတူညီချက်အရ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ နာဂါစကီတက္ကသိုလ်တို့မှ ပညာရှင်နှင့် ပညာသင်များ အပြန်အလှန်စေလွှတ်ခြင်း၊ သင်ကြားရေးနှင့် သုတေသနအထောက်အကူပြုပစ္စည်းများ ပံ့ပိုးကူညီပေးခြင်းနှင့် ပညာရပ်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ နာဂါစကီတက္ကသိုလ်တို့အကြား ဆေးပညာရပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ခေတ္တလမ်းပိတ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ပါ၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၅ နာရီမှ စတင်ပြီး အခမ်းအနားပြီးဆုံးချိန်အထိ ပြည်လမ်း (ရှင်စောပုလမ်းဆုံမှ အလုံလမ်းဆုံအထိ) ခေတ္တလမ်းပိတ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၉-၂-၂၀၁၂ (ကြာသပတေးနေ့)

AM & PM

၅း၄၀	"အပြစ်ကင်းတဲ့အလှူရအောင်ယူ" တရားတော်(ဆရာတော် အရှင်ပုညာနန္ဒ)
၉း၂၀	၂၀၁၀ ခုနှစ်အတွက်ဆုရ အကယ်ဒမီရင်ခုန်သံများ
၁၀း၂၅	စစ်ပြီးခေတ်ရန်ကုန်ဟိုက်စကူးကျောင်းတော် ကျောင်းသား/သူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ
၁၀း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၀၅	ရန်ကုန်မြင်ကွင်းကျယ် (Myanmar Media DevelopmentCenter (MMDC)သင်တန်းဆင်းပွဲ) အထက(၂) ဗဟန်း ပညာရေးစုံညီပွဲတော်နှင့်ပညာရည်ချွန်ဆု၊ ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား)
၁၂း၄၀	သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ဖို့ R.S ဇီဝမြေဩဇာကိုသုံးကြစို့
၁၂း၅၅	ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀) ပြည့်အထိမ်းအမှတ်စာတမ်းဖတ်ပွဲ
၃း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၆၃)**
၄း၄၅	ရန်ကုန်မြင်ကွင်းကျယ် [Samitivej Hospital) (Bangkok)Health Expo2012]
၅း၁၀	ဆဋ္ဌမအကြိမ်ထွန်းဖောင်ဒေးရှင်း (၂၀၁၁)စာပေဆုချီးမြှင့်ပွဲ အခမ်းအနား
၅း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားကေရီ"(အပိုင်း-၁၀)**
၆း၀၀	MRTV-4 သတင်း
၆း၁၅	၂၀၁၀ခုနှစ်အကယ်ဒမီ ပွဲတက်ဖက်ရှင်များ
၇း၀၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၁၁၁)**
၈း၀၀	MRTV-4 သတင်း
၈း၃၀	Pantastic Music Contest (part-4)
၉း၂၀	The Shop Around The Corner (Part-19)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၆၄)**
၁၀း၁၅	အနုပညာမိုးကောင်းကင်
၁၀း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားကေရီ" (အပိုင်း-၁၁)**
၁၁း၁၀	ဓာတ်ပုံထဲမှအမှတ်တရများ (သဥ္ဇာနွယ်ဝင်း)
၁၁း၃၀	နဒီနက္ခတ်ပညာအကြောင်း ဆွေးနွေးခန်း
၁၂း၃၅	လှပချစ်စရာလက်မှုအနုပညာ (Pretty in Day & Night)
၁း၀၀	ကလေးများအတွက်ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
၁း၅၅	အသိစိတ်ကလေးအရင်းတည်၍ (ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင်) ဒါရိုက်တာ-ကြည်စိုး
၄း၀၅	ယဉ်ကျေးသွင်ပြင်ဝတ်စားဆင်ပိုးချိတ်အသွင်
၄း၂၀	ထူးခြားဆန်းပြားတဲ့ ကြပ်ကြာရ်ကုသိပ္ပံ
၄း၄၀	ပန်းပျိုးလက်ဖြင့် ပန်းမျိုးဆက်တို့ ထက်မြက်ရှင်သန်စေရာ
၅း၀၀	အစီအစဉ်ပြီး။

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ပန်းအလှပြင်သင်တန်း အမှတ်စဉ်(၁/၂၀၁၂)ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ပန်းအလှပြင်သင်တန်း အမှတ်စဉ်(၁/၂၀၁၂) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌကိုယ်စား ဗဟိုအလုပ်အမှုဆောင် စီးပွားရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်သန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် သင်တန်းပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းကို မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၏ မိသားစုဝင်ငွေတိုးလုပ်ငန်းအတွက် ရည်ရွယ်၍ ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူများနှင့် စိတ်ပါဝင်စားသူ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ပန်းအလှပြင်သင်တန်းဖွင့်လှစ်ပို့ချနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို မင်းလှရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ 3000W ဖြင့် လွှင့်အားတိုးမြှင့်ထုတ်လွှင့်

နေပြည်တော် ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မင်းလှရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား (MRTV) အစီအစဉ်များကို လွှင့်အား 300 W (VHF စနစ် Channel No. J 12) ဖြင့် ထုတ်လွှင့်လျက်ရှိရာ ပြည်သူလူထုက အရည်အသွေးပိုမိုကောင်းမွန်စွာနှင့် လွှင့်အားပျံ့နှံ့မှု (Coverage) ပိုမိုဖမ်းယူနိုင်စေရန်အတွက် ၅-၂-၂၀၁၂ ရက်မှ စ၍ လွှင့်အား 3000 W ဖြင့် တိုးမြှင့်ထုတ်လွှင့်လျက်ရှိသည်။

လွှင့်အား 3000 W (UHF စနစ် Channel No. J 17) ဖြင့် ထုတ်လွှင့်မှုကို မင်းလှ၊ မိုးညို၊ လက်ပံတန်း၊ အုတ်ဖိုတို့မှ UHF စနစ် Outdoor Antenna ဖြင့်လည်းကောင်း၊ သာယာဝတီ၊ ဟင်္သာတ၊ အင်ပူ၊ ကြို့ပင်ကောက်တို့မှ UHF စနစ် Booster နှင့် Outdoor Antenna တို့ဖြင့်လည်းကောင်း အရုပ်အသံကြည်လင်စွာ ဖမ်းယူရရှိနိုင်သည်။

မူလထုတ်လွှင့်နေသော 300 W (VHF စနစ် Channel No. J 12) နှင့် တိုးချဲ့ထုတ်လွှင့်သော 3000 W (UHF စနစ် Channel No. J 17) တို့ကို ၁၅-၂-၂၀၁၂ ရက်အထိ အပြိုင်ထုတ်လွှင့်ပေးမည်ဖြစ်ပြီး ၁၆-၂-၂၀၁၂ ရက်မှစ၍ 3000 W လွှင့်စက်တစ်လုံးတည်းဖြင့် ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်ကြောင်းနှင့် ၁၆-၂-၂၀၁၂ ရက်မှစ၍ UHF Antenna များဖြင့်သာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

◆မြေထဲပင်လယ်မှ

နှစ်ပေါင်း ၁၂၀၀၀ မှ ၂၀၀၀၀၀ အထိရှိပြီး အနည်းဆုံး နှစ်ပေါင်း ၁၀၀၀၀၀ သက်တမ်းရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။

လက်ရှိကာလတွင် ကမ္ဘာ့သက်တမ်းအရင့်ဆုံး သက်ရှိရုက္ခမျိုးစိတ်အဖြစ် သတ်မှတ်ထားသော အပင်မျိုးစိတ်မှာ Tasmanian အမည်ရှိ မျိုးစိတ်တစ်မျိုးဖြစ်ပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၄၃၀၀၀ ရှိသည်ဟု ယူဆရသည်။

ပင်လယ်မြက်ပင်များသည် ဖို၊ မ သဘာဝမရှိဘဲ မူလမျိုးစိတ်၏ ပုံတူကိုယ်ပွားများကို ထွက်ပေါ်စေနိုင်စွမ်းရှိခြင်းကြောင့် သက်တမ်းရှည်ရှည် ရှင်သန်နိုင်စွမ်းရှိကြောင်း ဩစတြေးလျနိုင်ငံ အနောက်ပိုင်းတက္ကသိုလ်မှ သုတေသနပညာရှင်တစ်ဦးက ဆိုသည်။

သို့ရာတွင် ပင်လယ်ရေအောက် မြက်ပင် အမျိုးအစားများသည် ကမ္ဘာပေါ်၌ မူလရုက္ခပုံစံအတိုင်း ပြန်လည်ပေါက်ပွားမှုအရှိဆုံး အပင်မျိုးစိတ်များဖြစ်သော်လည်း ကမ်းရိုးတန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ကမ္ဘာ့ရာသီဥတုပူနွေးမှုကြောင့် ရှင်သန်ပေါက်ပွားမှု ကျဆင်းခဲ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ ***အင်တာနက်။***

မြန်မာနိုင်ငံသည် ကာဗွန်ထုတ်လွှတ်နေသော နိုင်ငံမဟုတ်ဘဲ ကာဗွန်စုပ်ယူနေသော နိုင်ငံဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှုကမ္ဘာလုံးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိရန် မျှော်လင့်

နေပြည်တော်　　ဖေဖော်ဝါရီ　　၈

ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ (၁၂)ကြိမ်မြောက် ဒေလီထိပ်သီးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၄ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ (၁၂)ကြိမ်မြောက် ဒေလီထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

အဆိုပါ အစည်းအဝေးသို့ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ဖင်လန်နိုင်ငံသမ္မတ၊ ကေရီဘတ်တီနိုင်ငံသမ္မတ၊ ချီဆယ်လီ သမ္မတနှင့် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၊ အစိုးရကိုယ်စားလှယ်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ပညာရှင်များနှင့်အခြား ဖိတ်ကြားထားသည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ .Taj Palace Hotel အဆောက်အအုံ၌ ကျင်းပရာ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ထိပ်သီးညီလာခံကြီးတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇီဝမျိုးစုံမျိုးကွဲ ပျောက်ကွယ်လာမှု၊ ရာသီဥတုပြောင်းလဲမှု၊ မြေနှင့် ရေသယံဇာတများ ယိုယွင်းပျက်စီးမှု အစရှိသော ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ပြဿနာများကို ဖြေရှင်းနိုင်ရန် နိုင်ငံအသီးသီးမှ ခေါင်းဆောင်များ၊ ပညာရှင်များက ပါဝင်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒေလီထိပ်သီးဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒ၊လုပ်ငန်းစဉ်နှင့် ကြိုးပမ်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ၁၉၉၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ရီယိုထိပ်သီးညီလာခံ၌ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားအောင်မြင်ဖြစ်ထွန်းမှုများ ဟန်ချက်ညီစေရန် မရှိမဖြစ် လိုအပ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအတွက် အခြေခံလမ်းညွှန် ပုံစံများဖြစ်သည့် ၂၁ ရာစု အစီအစဉ်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း၊ ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း၊ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ရီယိုကြေညာချက်တို့ကို ချမှတ်နိုင်ခဲ့ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ရီယိုကာလအလွန် အနှစ်(၂၀)အတွင်း မြန်မာနိုင်ငံ၏ အားထုတ်ဆောင်ရွက်မှုများကို အကျဉ်းချုပ်ဆွေးနွေးခဲ့ရာတွင် မြန်မာနိုင်ငံအစိုးရသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း၊ ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း၊ အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းနှင့် မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်နှင့် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသော ကြာရှည်ခံ အော်ဂဲနစ်ပိုးသတ်ဆေးများ ထိန်းချုပ်ရေးဆိုင်ရာ စတော့ဟုမ်း ကွန်ဗင်းရှင်းစသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားစဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အဆင့်ဆင့်ဖော်ဆောင်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်း ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၄ ခုနှစ်တွင် အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ ၁၉၉၅ ခုနှစ်တွင် မြန်မာ့သစ်တောမူဝါဒ၊ ၁၉၉၂ ခုနှစ်တွင် သစ်တောဥပဒေနှင့် ၁၉၉၄ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေတို့ကို အသီးသီး ထုတ်ပြန်ခဲ့ပါကြောင်း။

အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒကို အကောင်အထည်ဖော်နိုင်ရန် ၁၉၉၇ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မြန်မာနိုင်ငံ၂၁ ရာစုအစီအစဉ်၊ ၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံ ထောင်စုနှစ်ရည်မှန်းချက်များနှင့် ၂၀၀၉ ခုနှစ်တွင် အမျိုးသားစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာတို့ကို ချမှတ်ခဲ့ပါကြောင်း။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအရ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်၏ နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပြီး မြန်မာနိုင်ငံ အမျိုးသားအဆင့် ကနဦးအစီရင်ခံစာနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းအစီအစဉ်တို့ကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ ၂၀၀၀ပြည့်နှစ် ကိန်းဂဏန်းများကို အခြေခံ၍ တွက်ချက်မှုအရ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု စုစုပေါင်းသည် တန် ၇၄ သန်းခန့်ရှိသော်လည်း သစ်တောကဏ္ဍမှ ကာဗွန်ပြန်လည်စုပ်ယူမှုမှာ တန် ၁၄၂ သန်းခန့် ရှိနေသည့်အတွက် မြန်မာနိုင်ငံသည် ကာဗွန်ထုတ်လွှတ်နေသော နိုင်ငံမဟုတ်ဘဲ ကာဗွန်စုပ်ယူနေသော နိုင်ငံဖြစ်ပါကြောင်း။

၁၉၉၂ ခုနှစ်မှစတင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကိုဦးတည်လျက် ထောင်စုနှစ်ရည်မှန်းချက်များကို ကြိုးပမ်းဆောင်ရွက်နေသော်လည်း လူဦးရေတိုးပွားမှု၊ ဆင်းရဲမှု၊ သစ်တောပြုန်းတီးမှု၊ မမှန်ကန်သည့် မြေအသုံးချခြင်းကြောင့် မြေအရည်အသွေးကျဆင်းမှုနှင့် ရာသီဥတုပြောင်းလဲမှု စသော စိန်ခေါ်မှုများ ရှိနေသေးပါသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများအား ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းအစီအစဉ်များတွင် ယခုထက်ပိုပြီး ဆက်လက်ပူးပေါင်း ပါဝင်ဆောင်ရွက်ခွင့်ရရှိရန် မျှော်လင့်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ် အဖွဲ့သည် အစည်းအဝေးကာလအတွင်း အိန္ဒိယနိုင်ငံ စွမ်းအင်နှင့် သယံဇာတများဌာန Director General နှင့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ဥက္ကဋ္ဌ Dr. R.K. Pachauri နှင့် စွမ်းအင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများ ပူးပေါင်းကျင်းပရေးကိစ္စတို့ကို သီးခြားသဘောတူဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၉-၂-၂၀၁၂ (ကြာသပတေးနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၈း၀၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	အကပဒေသာ
၈း၁၅	"ပုလဲမြို့နယ်အတွင်းမှ ရွှေအိုရောင်မြင်ကွင်း"
၈း၂၅	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၃၀	(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၄း၀၅	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၀	(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၄း၃၀	၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅း၀၅	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀	သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅း၃၀	(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၄၀	"ဒီအတိုင်းပဲကောင်းပါတယ်" (ကျော်ဟိန်း၊ မတူး) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်၊ ကျော်ဟိန်း)
၆း၂၀	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၆း၄၅	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၁၀)**
၇း၄၀	"အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု"
၈း၀၀	ပြည်တွင်းသတင်း အစာလည်းဆေး၊ ဆေးလည်းအစာ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ်" (အပိုင်း-၄) နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၁၂)**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူတို့က Aqua Inya ရေပေါ်ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

တိုင်းဒေသကြီးကွန်ပျူတာအသင်းများ ဖွဲ့စည်းပြီးစီးခြင်း အခမ်းအနား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော်　　ဖေဖော်ဝါရီ　　၈

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာအသင်းများ ဖွဲ့စည်းပြီးစီးခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လှိုင်မြို့နယ် Myanmar Info- Tech ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးမင်းဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးတင်အောင်ခိုင်တို့က အသင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်နှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ မြကျွန်းသာအပန်းဖြေစခန်း၌ ကျင်းပသော Aqua Inya ရေပေါ်ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ (ရန်ကုန်မြို့တော်ဝန်) ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ ဒေင်အုပ်စုကုမ္ပဏီ လီမိတက် ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် Magic Land ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းတို့နှင့်အတူ Aqua Inya ရေပေါ်ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဧည့်သည်တော်များသည် Aqua Inya ရေပေါ် ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်းကို Smoke Ball ရိုက်၍ ဖွင့်လှစ်ပေးပြီး လေ့ကျင့်ရေးကွင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ Aqua Inya ရေပေါ် ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်းသည် ဂေါက်သီးရိုက်အားကစားသမား ၂၄ ဦး တစ်ပြိုင်တည်းလေ့ကျင့်နိုင်ပြီး နေ့စဉ်နံနက် ၆ နာရီမှ ည ၈ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ-စင်ကာပူ စီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းများအလိုက် ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန်　　ဖေဖော်ဝါရီ　　၈

စင်ကာပူသမ္မတနိုင်ငံ International Enterprise (IE) နှင့် Singapore Business Federation (SBF) ဥက္ကဋ္ဌ Mr. Tony Chew ခေါင်းဆောင်သည့် ကုမ္ပဏီ ၇၀ မှ အဖွဲ့ဝင် ၁၁၅ ဦးခန့်ပါဝင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံအပြန်အလှန် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများအလိုက် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ကြော်ငြာလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ စတီးနှင့်လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းလုပ်ငန်း၊ ဆီအုန်း၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ ဆောက်လုပ်ရေးသုံးပစ္စည်းအမျိုးမျိုး၊ အင်ဂျင်နီယာလုပ်ငန်း၊ ဆေးနှင့်ဆေးရွက်ကြီးလုပ်ငန်း၊ စာရင်းနှင့် အခွန်လုပ်ငန်း၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အလှကုန်နှင့် ဖက်ရှင်လုပ်ငန်း၊ ဆီနှင့်ဓာတ်ငွေ့လုပ်ငန်း၊ ဓာတုဗေဒထုတ်ကုန်ပစ္စည်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း၊ သစ်သားနှင့် တာယာဖြန့်ဝေခြင်းလုပ်ငန်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းစသည့် လုပ်ငန်းအုပ်စုများအလိုက် ဆွေးနွေးကြမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် ကိုယ်တိုင်(သို့မဟုတ်) ကိုယ်စားလှယ်ဖြင့် Registration Form များကို အသင်းချုပ်၌ လာရောက်ထုတ်ယူပြီး ဖေဖော်ဝါရီ ၁၁ ရက် နောက်ဆုံးထား ပေးပို့ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

တွံတေးမြို့နယ် အလယ်ချောင်း အထက(ခွဲ)၏ ပညာရေးစုံညီပွဲတော်တွင် အဋ္ဌမတန်း၌ ပထမဆုရရှိသော မစန္ဒာဇော်အား ကျောင်းအုပ်ဆရာကြီး ဦးမြတ်ဝေတိုး ဆုချီးမြှင့်စဉ်။
(ပညာရေး)

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် တက်ရောက် အမှာစကား ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ဆပ်ကော်မတီအလိုက် ကြိုတင်ဆောင်ရွက်ချက်များကို အသေးစိတ် ရှင်းလင်းတင်ပြကြရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်တို့ နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီ အလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဆပ်ကော်မတီများ၏ ရှင်းလင်း တင်ပြမှုများအပေါ် လိုအပ်သည်များကို မှာကြား၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာရင်းကိုင်-၃ ရာထူး ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများစာရင်းထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အဖွဲ့အစည်းအသီးသီး တွင် လစ်လပ်လျက်ရှိသော စာရင်းကိုင်-၃ (လစာနှုန်းကျပ် ၅၃၀၀၀-၁၀၀၀-၅၈၀၀၀) ရာထူး နေရာများအတွက် ဇန်နဝါရီ ၂၈ ရက်တွင် ရေးဖြေစာမေးပွဲ ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်သူ ၂၇ ဦး၏ စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

အောင်မြင်သူများမှာ ခုံအမှတ် ၁၊ ၆၊ ၇၊ ၉၊ ၁၃၊ ၁၇၊ ၁၈၊ ၁၉၊ ၂၁၊ ၂၃၊ ၂၇၊ ၃၃၊ ၃၄၊ ၄၄၊ ၄၆၊ ၄၈၊ ၅၅၊ ၅၆၊ ၆၃၊ ၆၇၊ ၇၀၊ ၇၃၊ ၉၂၊ ၉၅၊ ၉၉၊ ၁၁၁၊ ၁၁၂ တို့ဖြစ်သည်။

ရေးဖြေစာမေးပွဲအောင်မြင်သူများသည် ဖေဖော်ဝါရီ ၁၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းအမှတ်(၂၁၂)ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်ရုံး)၌ လူတွေ့စစ်ဆေးမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၇ ရက် (သောကြာနေ့)ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် သတင်းပို့ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်း ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မြိုင်မြို့နယ် လက်ယက်မကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားရေး၊ အရည်အချင်းပြည့်မီစွာ အောင်မြင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် ဖေဖော်ဝါရီ ၆ ရက်တွင် မြိုင်မြို့နယ် လင်းကတော ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)နှင့် လက်ယက်မကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့၌ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး၊ အရည်အချင်း ပြည့်မီစွာ အောင်မြင်ရေးနှင့်ပတ်သက်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်း သူများနှင့် ကျောင်းသား မိဘများအား ကြိုတင်ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးမှာကြားသည်။ အဆိုပါအခမ်း အနားတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆို မည့် ကျောင်းသား ကျောင်းသူများ၏ ပညာရေးထောက်ပံ့မှုအတွက် လိုအပ် သည်များကို ဆောင်ရွက်ပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီး၏ ဇနီးက ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြိုင်မြို့နယ် အောင်သုခကျေးရွာ၌ GSM/ UMTS ရေဒီယိုစခန်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး GSM/ UMTS ရေဒီယိုစခန်းများ အချိန်မီ ပြီးစီးရေးနှင့် စခန်းအတွက် ဓာတ်အား ပေးရန် ဆိုလာစနစ်အသုံးပြုရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်အား တရုတ်ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်အား ဟောင်ကောင် China-Myanmar Friendship Association မှ Chairman of Committee Mr. Sue Songkittikul ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ လာရောက်တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှခိုင်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစောမြသိန်းနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဝင်းနိုင်တို့ တက်ရောက် ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဖေဖော်ဝါရီ ၈

နေပြည်တော်၌ ရောက်ရှိနေသော မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeli bin Mohd Zin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျောက်မျက်ပြတိုက်ကို လည်းကောင်း၊ ဆာဖာရီဥယျာဉ်ကို လည်းကောင်း၊ ဆင်ဖြူရတနာဆောင်ရှိ ဆင်ဖြူတော်များအား လည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြပြီး အထူးလေယာဉ် ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ရာ ညနေ ပိုင်းတွင် ရောက်ရှိကြသည်။

အဆိုပါ မလေးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာ ကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဆိုင်ရာ မလေးရှားစစ်သံမှူး Colonel Gan Seng Lock တို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်းအမှတ်စဉ်(၄၀)ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၌ ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ်(၄၀)ကို ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၁၉ ရက်အထိ နေ့စဉ်ရုံးပိတ်ရက်မှ အပ နံနက် ၉ နာရီ ၄၅ မိနစ်မှ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်အထိ ဖွင့်လှစ်မည်ဖြစ် သည်။

စာရင်းပေးသွင်းနိုင်

တက်ရောက်လိုသူများသည် အမှတ် (၂၂၈/၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်း မြို့နယ် ရန်ကုန်မြို့ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သင်တန်းခန်းမ၌ စာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဒုတိယဥက္ကဋ္ဌ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် အဖွဲ့အား စင်ကာပူနိုင်ငံ အခြေစိုက် Caudex. Asia မှ Mr. Jeffrey Khoo (Director, Agribusiness) သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် UMFCCI Office Tower ရှိ မြန်မာ နိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အစည်း အဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းနှင့် Caudex. Asia အကြား ဆန်စပါးနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံရန်နှင့် ဓာတ်မြေဩဇာ၊ သဘာဝဓာတ်ငွေ့၊ ရော်ဘာနှင့် ပတ်သက် သော ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ မွန်းတည့် ၁၂ နာရီတွင် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် Ameropa Asia Pte Ltd. မှ Alexander Chumakov (Managing Director) ဦးဆောင်သော အဖွဲ့သည် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့်အဖွဲ့အား လာရောက် တွေ့ဆုံပြီး ဆန်စပါးစိုက်ပျိုးထုတ်လုပ် ရာတွင် တောင်သူလယ်သမားများအနေ ဖြင့် ဓာတ်မြေဩဇာအား ဈေးနှုန်း သက်သာစွာ အပြည့်အဝသုံးစွဲနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၈

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်တို့က နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်နှင့် သာသနာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်ထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုစေလိုကြောင်းဖြင့် ပြောကြားကြသည်။

ယင်းနောက် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြကြရာ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

//////////////////////

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား မလေးရှားနိုင်ငံ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား မလေးရှားနိုင်ငံ Crescent Capital မှ Mr. Mirzan Mahathir ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းများ တည်ဆောက်ရေးတွင် ရင်းနှီးမြှုပ်နှံနိုင်မှု အခွင့်အရေးများနှင့် ရန်ကုန်မြစ်ကြောင်း ရှင်းလင်းရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(ဝဲပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

(၆၅)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အလံတင်အခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

(၆၅)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၇ နာရီတွင် တောင်ကြီးမြို့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခမ်းမှတ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ဒေသခံရှမ်းတိုင်းရင်းသားများနှင့် တိုင်းရင်းသားလူမျိုးစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က စင်မြင့်ထက်၌ နေရာယူပြီး အလံတင်အဖွဲ့က ရှမ်းပြည်နယ်အလံကို တိုင်ထိပ်သို့ လွှင့်တင်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ရှမ်းပြည်နယ်အလံတို့ကို အလေးပြုကြရာ ဂုဏ်ပြုတီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းနှင့် ရှမ်းအမျိုးသားသီချင်းတို့ကို တီးမှုတ်ဂုဏ်ပြုကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က (၆၅)နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေဝတီတံတား(မလွန်)တည်ဆောက်ခြင်းလုပ်ငန်း ဒုတိယဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် အထူးစီမံကိန်းကြီးများတည်ဆောက်ရေးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရေဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး RP 1 မှ RP 2 အတွင်း သံပေါင်တပ်ဆင်နေမှုနှင့် သံပေါင်များရောက်ရှိမှု၊ Stand Pipe များ ရိုက်သွင်းနေမှုတို့ကို လည်းကောင်း၊ မလွန်ဘက်ကမ်း၌ ၅ မိုင် ၃ ဖာလုံအရှည်ရှိ ချဉ်းကပ်လမ်း မြေသားလုပ်ငန်းပြီးစီးမှု၊ Box Culvert များ တည်ဆောက်ပြီးစီးမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် သစ်ရာကောက်-မိကျောင်းရဲ-ပဌနဂိုရ်ကားလမ်း မြေသားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရေဝတီတံတား(မလွန်)သည် ဧရာဝတီမြစ်ကို ဖြတ်သန်းတည်ဆောက်လျက်ရှိသည့် တံတားငါးစင်းအနက် ရထားနှင့် နှစ်လမ်းသွား ကားလမ်းပါ တံတားတစ်စင်းဖြစ်၍ မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင်(စစ်ခိုပင်) ကျေးရွာအနီး၊ မိကျောင်းရဲနှင့် မလွန်ဘက်ကမ်းကို ဆက်သွယ်သော ပင်မတံတားအရှည် ၃၂၁၅ ပေ၊ ချဉ်းကပ်တံတား ကားလမ်းနှစ်ဖက်အရှည် ၂၆၂၄ ပေ၊ ချဉ်းကပ်တံတား ရထားလမ်းနှစ်ဖက်အရှည် ပေ ၃၉၃၀ ရှိသော တံတားဖြစ်၍ ဧရာဝတီတံတားငါးစင်းအနက် သုံးစင်း ဖွင့်လှစ်ခဲ့ပြီး စတုတ္ထမြောက်တံတားအဖြစ်ပြီးစီးနိုင်ရန် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေသောတံတားဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်မြို့၌ အခွန်ပညာပေးဆွေးနွေး

ပြည် ဖေဖော်ဝါရီ ၈

ပြည်တွင်းအခွန်များဦးစီးဌာန ပြည်ခရိုင် အခွန်ရုံးခန်းမ၌ ဇန်နဝါရီ ၂၆ ရက်က ပြည်မြို့ရှိ ထီလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အခွန်ပညာပေးဆွေးနွေးပွဲ ကျင်းပရာ ဦးကျော်ကျော်လတ် (လက်ထောက်ညွှန်ကြားရေးမှူး) **(ယာပုံ)** က အခွန်ဆိုင်ရာ သိကောင်းစရာများနှင့် ထီလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် အချက်များကို ရှင်းလင်းပြောကြားခဲ့ရာ လုပ်ငန်းရှင်များမှ သိရှိလိုသည့်မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ဆွေးနွေးပွဲသို့ လုပ်ငန်းရှင် ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ပြည်တွင်းအခွန်)

○ ကျောဖုံးမှ

Hantavirus ရောဂါပိုးများကြောင့် သေဆုံးသူသုံးဦးရှိခဲ့ပြီး ရှစ်ဦးရောဂါကူးစက်ခံနေရကြောင်းကို စန်တီယာဂိုသတင်းစာတွင် ဖော်ပြထားသည်။

ချီလီနိုင်ငံတောင်ပိုင်းဒေသ၌ ဇန်နဝါရီလအစောပိုင်းအတွင်း ဖြစ်ပွားခဲ့သော တောမီးလောင်ကျွမ်းမှုများကြောင့် သစ်တောဧက ၅၀၀၀၀ မျှ ပျက်စီးခဲ့ရပြီး ယင်းသစ်တောဒေသများတွင် ကျက်စားသည့် ကြွက်ဝမ်းပူပေါင်းများစွာတို့မှာ လူနေဒေသများသို့ စားကျက်နေရာရွှေ့ပြောင်းလာကြကြောင်း သိရသည်။

Hantavirus ဗိုင်းရပ်စ်များသည် ကြွက်ဝမ်းပူများ၏ သွားရည်၊ မစင်နှင့် ကျင်ငယ်များမှတစ်ဆင့် ကူးစက်ပြန့်ပွားနိုင်သည်။

သို့ဖြစ်ရာ ဗိုင်းရပ်စ်ပိုးရှိသော ကြွက်များ၏ အညစ်အကြေးများကို တိုက်ရိုက်ထိတွေ့ခြင်း၊ ယင်းအညစ်အကြေးများပါဝင်သည့် လေကို ရှူရှိုက်မိခြင်းတို့ကြောင့် လူသားများအနေဖြင့် ရောဂါကူးစက်ခံရနိုင်ကြောင်း သိရသည်။

Hantavirus ဗိုင်းရပ်စ်များသည် လူတို့၏ အဆုတ်အင်္ဂါကို ထိုးနှက်တိုက်ခိုက်တတ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါသည်အနေဖြင့် အသက်ရှင်နိုင်ခွင့် ၅၀ ရာခိုင်နှုန်းအောက်၌သာရှိကြောင်း အမေရိကန်အမျိုးသား ကျန်းမာရေးဆိုင်ရာဌာနက ပြောကြားခဲ့သည်။

အင်တာနက်။

လှိုင်သာယာမြို့နယ် အလယ်ရွာတွင် မီးလောင်

နေပြည်တော် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားအဆင်း အလယ်ရွာ၌ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် မီးလောင်မှုဖြစ်ပွားရာ တဲအိမ်ငယ်များအပါအဝင် အိမ်ခြေ ၃၃၉ လုံး မီးလောင်ကျွမ်းခဲ့ကြောင်းနှင့် လူသေဆုံးထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် လှိုင်သာယာမြို့နယ် အလယ်ရွာ ကွက်သစ်ရပ်နေ ကိုမိုးဇော်နှင့် မခိုင်တို့၏ နေအိမ်တွင် ဝက်သားတုတ်ထိုးအိုးတည်ထားရာမှတစ်ဆင့် အကာထရံနှင့် ဓနိအမိုးများသို့ မီးကူးကာ စတင်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်ရာသို့ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် ၃၅ စီး၊ အုပ်ချုပ်မှုယာဉ် ခြောက်စီး၊ သူနာပြုယာဉ်တစ်စီး၊ ထောက်ပံ့ယာဉ်တစ်စီးတို့ ရောက်ရှိပြီး မီးငြိမ်းသတ်ခဲ့ကြောင်း၊ တာဝန်ရှိသူများ၊ မီးသတ်ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ကြရာ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးဘေးသင့် အိမ်ထောင်စု ၃၅၁ စုမှ လူဦးရေ ၁၃၈၈ ဦးတို့အား အောင်ဇေယျာမင်း ဘုန်းတော်ကြီးကျောင်း၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပြီး လိုအပ်သည်များ ဖြည့်ဆည်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မီးလောင်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက လိုအပ်သလို အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက်

ဒုတိယမြောက်ဖွင့်လှစ်ခဲ့သော ထားဝယ်-သရက်ချောင်းရထားလမ်းပိုင်း

* ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ ထားဝယ်-သရက်ချောင်းရထားလမ်းပိုင်းကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဇွန် ၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ဘူတာ၌ ဖွင့်လှစ်ခဲ့သည်။
* ၁၃၂ ဒသမ ၅ မိုင်ရှိသည့် ထားဝယ်-မြိတ် ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ထားဝယ်-သရက်ချောင်းရထားလမ်းပိုင်း အရှည် ၁၉ ဒသမ ၃၁ မိုင်ကို ဖွင့်လှစ်ခဲ့သည်။ ထားဝယ်ဘူတာကြီးသည် ထားဝယ်မြို့မှ ၃ မိုင် ၂ ဖာလုံကွာဝေးပြီး သွားလာရန် အချိန်ကန့်သတ်ချက်များရှိသည့် ထားဝယ်ဆိပ်ကမ်းဘူတာကို ထားဝယ်မြို့နှင့် ကပ်လျက်တည်ဆောက်ခဲ့သည်။
* ရထားလမ်းအရှည် ၁၃၂ ဒသမ ၅ မိုင်ရှိသည့် ထားဝယ်-မြိတ် ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး လမ်းပိုင်းအရှည် ၁၉ ဒသမ ၃၁ မိုင်ရှိသည်။
* အဆိုပါ ထားဝယ်-သရက်ချောင်းရထား လမ်းပိုင်းတွင် ပေ ၁၈၀ အထက် တံတားနှစ်စင်းနှင့် ပေ ၁၈၀ အောက် တံတား ၆၃ စင်းပါရှိပြီး ဘလောက်ဘူတာများအဖြစ် ဆိပ်ကမ်းဘူတာ၊ ညောင်ဇင်ဘူတာနှင့် သရက်ချောင်းဘူတာတို့ဖြစ်ကာ ရပ်စခန်းဘူတာများဖြစ်သည့် ရှင်မုတ္ထီးဘူတာနှင့် သရက်နှစ်ခွဘူတာတို့ ပါရှိပြီး ထားဝယ်-မြိတ်ရထားလမ်းပိုင်းတွင် ပထမဦးဆုံး ဖောက်လုပ်ဖွင့်လှစ်ပေးသည့် လမ်းပိုင်းဖြစ်သည်။
* ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းကို ထားဝယ်မြို့ဆိပ်ကမ်းဘူတာမှ သရက်ချောင်းဘူတာသို့ ပြေးဆွဲပေးမည်ဖြစ်ကာ ယခင်ပြေးဆွဲနေသည့် ထားဝယ်-ရေး ရထားခရီးစဉ်ကိုလည်း ထားဝယ်မြို့ ဆိပ်ကမ်းဘူတာမှ ရေးသို့ ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည်။
* တနင်္သာရီတိုင်းဒေသကြီးတွင် ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-မြိတ် ကားလမ်းမကြီးကို အထင်ကရဖောက်လုပ်ပေးခဲ့ခြင်းကြောင့် လမ်းမကြီးဖြတ်သန်းရာ တိုင်းနယ်မြေအသီးသီးကို ကားဖြင့် ဆက်စပ်သွားလာနိုင်ခဲ့ပြီး ရထားလမ်းအနေဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့မှ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အထိ ဖောက်လုပ်ပေးခဲ့ပြီး ထားဝယ်မြို့မှ မြိတ်မြို့အထိ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။
* တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆက်သွယ်သွားလာနိုင်မည့် ထားဝယ်-မြိတ် ရထားလမ်းမကြီးပြီးစီးပါက မြိတ်မြို့မှ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး နယ်မြေများကိုဖြတ်ကျော်၍ မြန်မာနိုင်ငံတစ်နံတစ်လျား အရှေ့အနောက်၊ တောင်မြောက်သို့ မီးရထားဖြင့် သွားလာနိုင်မည်ဖြစ်သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး



(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

ပင်လုံမြေဆီ သက်သေတည်

* ရေတစ်ပေါက်သည်
သောက်၍မရ၊ သုံးမရလည်း
များလှစုပေါင်း၊ အားဖြည့်လောင်းသော်
မြစ်ချောင်းပြည့်ဝ၊ သောက်သုံးရ၏။

* နှမ်းတစ်စေ့သည်
ကြိတ်၍ချေပစ်၊ ဆီမဖြစ်လည်း
ကျစ်လျစ်များပြား၊ ကြိတ်ခွဲထားသော်
ဆီများပြည့်ဝ၊ စားသုံးရ၏။

* မြက်တစ်ပင်သည်
စွမ်းအင်မရှိ၊ နုံချာဘိလည်း
စုမိများပြား၊ ကျစ်၍ထားသော်
ခွန်အားမြင့်ခေါင်၊ ဆင်တစ်ကောင်ကို
တုပ်နှောင်နိုင်စွမ်းရှိပါ၏။

* ခိုင်မာမြင့်မား၊ စုစည်းထားသည့်
စွမ်းအားဟူဘိ၊ တန်ဖိုးရှိ၏
မြတ်သည့်စိတ်ထား၊ စုပေါင်းအားတို့
မွေးဖွားခဲ့ပေ၊ ပင်လုံမြေသည်
သက်သေအရာ၊ တည်ခဲ့ပါ၏။

* မြန်မာဟူက၊ လုံ့လငွဲသန်
မှန်ကန်စိတ်ဓာတ်၊ မြင့်မြတ်နှလုံးသား
မြင့်မားစွမ်းရည်၊ အရင်းတည်၍
ညီညာဖြိုးဖြိုး၊ ကြိုးပမ်းကြသော်
မြန်မာ့ဤမြေ၊ ဖွံ့ဖြိုးဝေ၍
စိုပြေ(ပြည်) ငြိမ်းချမ်း၊ ပွင့်သောပန်းသို့
တင့်လျှမ်းဂုဏ်ထည်နိုင်လိမ့်တကား။ ။

ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

အစည်းမပြေမှ ခရီးတွေလှမည်

လှိုင်ဘွား(ပါရမီ)

ပြီးခဲ့သည့်နှစ်ရက်များက မန္တလေးသို့ရောက်ခဲ့စဉ် ဂေါဝိန်ဆိပ်သို့ ရောက်ခဲ့သည်။ ဂေါဝိန်၏ ဆည်းဆာအလှကား ကမ္ဘာလှည့်ခရီးသွားတို့ မဆိုထားဘိ မြင်နေကျ မိမိတို့ကိုပင်လျှင် ဆွဲဆောင်လွန်းသည်။ မြစ်ညာတစ်ကြောမှ မျှောလာသည့် ဝါးဖောင်တို့ကလည်း စီစီရီရီနှင့် ပန်းချီကားတစ်ချပ်ထဲမှ အဝါရောင်အစက်အပြောက်ကလေးများပမာပင်။ သောင်ပြင်ကျယ်များ၊ တံငါလှေများ၊ ရေခပ်ဆင်းသူ ရေချိုးသူများ၊ သောင်ပြင်ပေါ်မှ သီးနှံစိုက်ခင်းများ၊ လှေသမ္ဗန်များ၊ မော်တော်ဘုတ်များ၊ သင်္ဘောများစသည်ဖြင့် ဆည်းဆာအောက်မှ ဧရာဝတီ၏ အလှကို ဖြည့်ဆည်းပေးသော စုတ်ချက်ပေါင်းများစွာတွင် ဤသော ရေမျှောချလာသည့် ဝါးဖောင်တို့ကလည်းအပါအဝင်ပဲဖြစ်ပေသည်။ ထိုအထဲတွင် ချည်နှောင်ထားသော လျှော်ကြိုးကြိမ်ကြိုးတို့ ပြတ်တောက်၍ ဖရိုဖရဲကစဉ့်ကလျား ဖြစ်သွားသော ဝါးဖောင်တို့လည်း ရှိတတ်သည်။ ထိုစဉ်တွင်တော့ ပြေလျော့ထွက်လာသော ဝါးတို့၏ရန်ကို လှေသမ္ဗန်ငယ်တို့က အပြေးအလွှား ရှောင်ကြရသည်ကိုလည်း မြင်တွေ့ရတတ်သည်။ အစုအစည်းမတတ်၍သော်လည်းကောင်း၊ ပေါ့ဆမှုကြောင့်သော်လည်းကောင်း၊ ဖောင်ဖွဲ့စဉ်က အသုံးပြုသော ကိရိယာတန်ဆာပလာရွေးချယ်မှုညံ့ဖျင်းခြင်းကြောင့် လည်းကောင်း၊ အမြန်ပြီးလိုဇောနှင့် စနစ်တကျ မဆောင်ရွက်နိုင်ခြင်းကြောင့် လည်းကောင်း၊ ကိုယ့်ပစ္စည်းဆုံးရှုံးရုံမျှမက ပတ်ဝန်းကျင်ပါ အနေအထားပျက်ကြရခြင်းပေတည်း။ ထိုမှ ရှည်လျားထွေပြားစဉ်းစားရသော် **လူ့ဘောင်လောကတွင်လည်း ဤသော ဝါးဖောင်အစည်းပြေသကဲ့သို့ စုစည်းမှုပျက်ယွင်းခြင်း၊ စည်းလုံးမှုပျက်ယွင်းခြင်းတို့ ဖြစ်လေ့ဖြစ်ထရှိပေရာ မိမိတို့ အကျိုးပျက်ယွင်းသကဲ့သို့ လူ့ပတ်ဝန်းကျင်တွင်လည်း အရောင်စွန်းထင်းပျက်ယွင်းခြင်းမျိုးစုံဖြစ်ရတတ်ပေသည်။ ပျက်ယွင်းခြင်းပေါင်းများစွာသည် ဉာဏ်ပညာကြီးမားသူ လူသားတို့ကြောင့် အဖြစ်များသကဲ့သို့ ထိုသို့မဖြစ်အောင် ရှောင်တိမ်းကြိုးစား တည်ဆောက်သွားကြရမည့် သူများမှာလည်း ဤလူသားများသာလျှင် ဖြစ်ပေတော့သည်။**

ဤနမူနာကြီးကို အီရတ်နှင့်အာဖဂန်နစ္စတန်တို့တွင် ထင်ရှားစွာတွေ့မြင်နိုင်သည်။ တစ်နိုင်ငံလုံးပြည့်နှက်နေသည့် အုတ်ကျိုးအုတ်ပဲ့ပုံများ၊ ကစဉ့်ကလျားဖြစ်နေသည့် ရပ်ကွက်မြို့ရွာများ၊ မပြည့်မစုံစာရင်းအရပင် ကြောက်ခမန်းလိလိ အရေအတွက်များပြားလှသော သေကျေပျောက်ဆုံးသွားခဲ့ရသည့် မိသားစုဝင်များစသည်တို့က နည်းနာမှားယွင်းမှုကို မီးမောင်းထိုးပြနေခဲ့သည်။ ထိုနည်းနာကို အခမ့်ဆောင်ကြဉ်းပေးလာသူတို့က ကျောပိုးအိတ်ပိုက်ကာ လက်ပြနှုတ်ဆက်လေယာဉ်ပေါ်တက်နေချိန်တွင် ဒီမိုကရေစီဟုခေါ်ဆိုရခက်သော ပြာပုံနှင့် မီးလောင်ပြင်မှ စည်းလုံးမှုပျက်ပြားခဲ့ရသူများမှာမူ ဝမ်းနည်းပူဆွေး ငိုကြွေးခြင်းသံသရာ၌ ဝဲလည်နေခဲ့ရပေပြီ။ ဤအဖြစ်ကို ပြန်လည်ကုစားရန် နှစ်ပေါင်းများစွာ ကြိုးပမ်းကြရပေဦးမည်။ “ပျက်အစဉ် ပြင်ခဏ”စကားပုံကား သူတို့ဖြစ်စဉ်နှင့် မကိုက်ညီဘဲ “ပျက်ခဏ ပြင် ထာဝရ”ဟုသာ စကားပုံအသစ် တီထွင်ဆိုရမည်ကဲ့သို့ပင်။

“ဟုတ်ပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီရလိုက်ပါတယ်။ အကြောက်တရားမရှိဘဲ စကားပြောနိုင်ပါပြီ။ လွတ်လွတ်လပ်လပ် ဆန္ဒပြနိုင်တယ်။ မဲပေးနိုင်တယ်။ ကျွန်တော်တို့အားလုံး ၂၀၀၃ ခုနှစ်မတိုင်မီကနဲ့ မတူတော့ဘူး။ ဒါပေမယ့် တခြားတစ်ဖက်မှာတော့ ကျွန်တော်တို့ပြစ်မှုကျူးလွန်သူတွေရဲ့သားကောင် ဖြစ်နေရတယ်။ ကြမ်းကြုတ်ရက်စက်မှုတွေကို ခံစားနေရတယ်။ မချိတင်ကဲ ဝေဒနာတွေခံစားနေရတယ်” ဟု ဘဂ္ဂဒက်မြို့မှ ကျောင်းသားတစ်ဦးဖြစ်သူ ဟူစိန်အလီက ပြောသည်။

“လူသားတစ်ယောက်ရဲ့ အခြေခံအခွင့်အရေးတွေ ပျောက်ဆုံးသွားတဲ့ ကျုပ်တို့အတွက် ဘာဒီမိုကရေစီလို့ ပြောရမှန်းတောင်မသိတော့ပါဘူး” ဟု နေ့စဉ်လမ်းပေါ်တိုက်ပွဲများ၊ ဗုံးခွဲသတ်ဖြတ်မှုများကို စိုးထိတ်ရင်း စီးပွားရှာနေရသူ ဈေးဆိုင်ပိုင်ရှင် ဝါအယ်လ်ကဖာဂျီကပြောသည်။ မူလကတော့ သူတို့ ဤသို့ကြုံရမည်ကို မည်သို့မျှ မမျှော်လင့်ခဲ့ပါ။ တောင်းခဲ့လျှင်၊ တိုက်ခဲ့လျှင်၊ ပြည်ပတပ်များက ကူညီခဲ့လျှင် အဆုံးသတ်တွင် ဒီမိုကရေစီရလိမ့်မည်ဟုသာ ထင်ခဲ့ကြသည်။ အခြေခံမကျသော၊ မိမိတို့၏စရိုက်နှင့် မကိုက်ညီသော ဒီမိုကရေစီပုံစံ၏ ဆိုးကျိုးများသာတည်း။

ထိုကဲ့သို့ ဒီမိုကရေစီကို ပြင်ပမှ အတင်းအကျပ်သွတ်သွင်းခံလိုက်ရသည် မဟုတ်မူဘဲ အီဂျစ်၊ လစ်ဗျား၊ ဆီးရီးယား၊ ယီမင်၊ ဘာရိန်းတို့ကဲ့သို့ ဒီမိုကရေစီကို အကြမ်းဖက်ဆန္ဒပြခြင်းဖြင့် အင်အားသုံးဖြုတ်ချပြောင်းလဲရန် ကြိုးစားသူတို့အတွက်လည်း အဖြေက အလားတူပင် မလှမပ ဖြစ်ခဲ့ရ၏။ အာရပ်နွေဦးဟု လှပသစ်ဆန်းလှစွာဖြင့် အမည်ပေးကင်ပွန်းတပ်ကာ မျက်လှည့်ပြခဲ့ကြသော်လည်း သူတို့ဆောင်ရွက်ခဲ့ကြသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အာရပ်နွေဦးကားသွေးတို့ဖြင့်ခြယ်မှုန်းကာ အမည်နှင့် လုံးလုံးဆန့်ကျင်စွာဖြင့် ဒုက္ခနှင့် ဆင်းရဲခြင်းသံသရာတွင် ဝဲလည်ခြင်းဖြင့်သာ အဆုံးသတ်ရမည်ကဲ့သို့ ဖြစ်နေပေပြီ။ မျိုးနွယ်စုတို့အကြား စိတ်ဝမ်းကွဲခြင်းများသာ ရလဒ်ပေါ်လာခဲ့ပေပြီ။

ထိုသို့သော ထင်ရှားများပြားလှသည့် ဥပမာတို့ကို ဆန်းစစ်ကြည့်ခြင်းအားဖြင့် တည်ငြိမ်အောင်မြင် အေးချမ်းစွာဖြင့် ဒီမိုကရေစီလမ်းကြောင်းသစ်ပေါ်သို့ နိုင်ငံကို ပြောင်းလဲလျှောက်လှမ်းစေနိုင်ခဲ့သော အစိုးရအဟောင်းနှင့် ကြည်ဖြူနူးလည်ချောမွေ့စွာ ဆက်ခံပခုံးထမ်းယူနိုင်ခဲ့သော အစိုးရသစ်တို့၏ နိုင်ငံနှင့် ပြည်သူအပေါ်၊ ပြည်ထောင်စုကြီးအပေါ်ထားရှိသည့် စေတနာကို အထင်အရှား တွေ့မြင်နိုင်ပေသည်။ ထိုစေတနာကြောင့်ပင်လျှင် ဤပြည်ထောင်စုကြီး၌ ဖော်ပြခဲ့ပြီးသော နိုင်ငံများကဲ့သို့ ဖြစ်ရပ်ဆိုးများ မကြုံတွေ့ရဘဲ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ဖြောင့်တန်းညင်သာစွာဖြင့် ရောက်မှန်းမသိ ရောက်ခဲ့ရပေပြီ။ ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ်၏ လက်တွေ့ပြယုဂ်ပင်တည်း။

ယခုဆိုလျှင် မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်နေကြပြီဖြစ်ရာ ဤအချိန်အခါတွင် ရှိနေပြီးဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ယခင်ထက်ပိုမိုခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်ရင်း ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးစည်ပင်လာအောင် တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရမည်မှာ သဘာဝကပေးသော သမိုင်းပေးတာဝန်ပင်ဖြစ်ပေသည်။ ထိုသို့တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးတစ်ခုလုံးအကြားအလပ်မရှိ အညီအမျှ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နေသကဲ့သို့ အစကောင်းမှ အနှောင်းသေချာဆိုသည့်အတိုင်း မဏ္ဍိုင်ကြီး (၃) ရပ်ကို တောင့်တင်းခိုင်မာအောင် ဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်နေရပေသည်။ ထို့အတူ ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရာတွင် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီလုပ်ငန်းစဉ်များ အသားကျတိုးတက်ဖြစ်ထွန်းလာစေရေးတို့ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အစဉ်တစိုက် လုပ်ဆောင်ကြရပေမည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့ကို ဆောင်ရွက်ရာ၌ နိုင်ငံတော်သမ္မတကြီးက ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားခဲ့သည့် မိန့်ခွန်းပါပြောကြားချက်များနှင့်အညီ ဥပဒေတွင်း၊ ဥပဒေပြင်ပမှ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးကြရာတွင် သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းအလိုက် ပြည်သူတို့က ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရဝန်ကြီးများ၊ ပြည်ထောင်စုအစိုးရဝန်ကြီးများ ပါဝင်ဖွဲ့စည်းသည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များ စေလွှတ်၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

စတင်တာဝန်ယူချိန်မှစ၍ နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေး ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့် ယခင်ထက်ပို၍ထင်ရှားပွင့်လင်းမြင်သာသော အယူအဆသဘောထားတို့ကို တိုင်းရင်းသားလက်နက်ကိုင်တို့က သိမြင်လာကြသည့်အလျောက် ယနေ့တိုင် ငြိမ်းချမ်းရေး မရယူနိုင်သေးသည့် ကြွင်းကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနက် ယခုအခါ အဖွဲ့ငါးဖွဲ့သည် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ထာဝရငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ တက်လှမ်းနိုင်ခဲ့ပေပြီ။ ထို့အပြင် အဖွဲ့လေးဖွဲ့သည် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ခဲ့ကာ ပြည်ထောင်စုအဆင့်နှင့် ဆက်လက်ဆွေးနွေးနေပြီဖြစ်သကဲ့သို့ အခြားတစ်ဖွဲ့သည်လည်း ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ရန် ဆွေးနွေးဆောင်ရွက်မှုများဆောင်ရွက်နေပြီဖြစ်သည်ကို ဝမ်းမြောက်ဖွယ်ရာ ကြားသိခဲ့ရပေပြီ။ ကျန်တစ်ဖွဲ့နှင့်လည်း ထိတွေ့ဆွေးနွေးမှုများ ဆောင်ရွက်နေပြီဖြစ်ရာ များမကြာမီကာလတွင် ရွှေချိုးကူသံတို့ နိုင်ငံအနှံ့ ပျံ့လွင့်ပေဦးတော့မည်။

ထို့အပြင် အဆင်မပြေခဲ့စဉ်က လတ်တလောအခြေအနေအရ ရှောင်တိမ်းခဲ့ကြရသူများအတွက် ရိက္ခာ၊ ဆေးဝါးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့များကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးပရဟိတအဖွဲ့အစည်းများ ပူးပေါင်းလျက်ပို့ဆောင်ပေးခဲ့သည်။ ဤသို့ညီအစ်ကိုမောင်နှမအရင်းသဖွယ် သဘောထားကာ စိတ်ရင်းစေတနာအမှန်ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် စိတ်ရှည်သည်းခံကာ ဆောင်ရွက်နေပေရာ ကျန်အဖွဲ့များသည်လည်း ငြိမ်းချမ်းရေးပန်းတိုင်ကို အနေးနှင့်အမြန် လှမ်းကိုင်ပန်းဝင်လာကြပေလိမ့်မည်။

ထိုသို့ ငြိမ်းချမ်းရေးသဘောတူ ချစ်ကြည်ဖြူကြပြီဖြစ်သည့် နယ်မြေများတွင် ပြည်သူတို့အတွက် အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုက အာမခံနိုင်ပြီဖြစ်ရာ အဆိုပါဒေသများတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ထူထောင်ခြင်း၊ အလုပ်အကိုင်ဖန်တီးပေးခြင်း၊ ဒေသခံလူထု၏ ဝင်ငွေနှင့် လူမှုဘဝမြင့်မားရေးဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို အင်နှင့်အားနှင့် ဖော်ဆောင်နေပြီဖြစ်သည်မှာ ကြည်နူးစရာသာ ဖြစ်ပေတော့သည်။

အခြေခံဥပဒေသစ်နှင့်အညီ ဒီမိုကရေစီအခြေခံသော ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံသစ်ကို ရည်မှန်းတည်ဆောက်ဖော်ဆောင်လျက်ရှိရာတွင် ဒီမိုကရေစီနည်းလမ်းတကျ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော အစိုးရအဖွဲ့သစ်အနေဖြင့်လည်း ပြည်သူများလိုလားသည့် ပြုပြင်ပြောင်းလဲရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများကို ပိုမိုအကောင်အထည်ဖော်နိုင်မည့် ဥပဒေသစ်များ ပြဋ္ဌာန်းခြင်းနှင့် ဥပဒေဟောင်းများကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခြင်းအပါအဝင် ဥပဒေပေါင်း (၁၅)ခုကို အတည်ပြု ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီးဖြစ်ပေသည်။ ဆက်လက်၍လည်း နိုင်ငံတော်နှင့် ပြည်သူတို့၏ လိုအပ်ချက်ရှိလာပါက ပြုပြင်ပြောင်းလဲပေးသွားမည်သာဖြစ်ပေသည်။ “ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်” ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူတို့၏ရင်ထဲမှ အသံတို့ကို ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်က ပုံဖော်ဆောင်ရွက်သွားရင်းဖြင့် ဒီမိုကရေစီပျိုးပင်ကို ရင့်သန်ဖွံ့ထွားစေပေလိမ့်မည်။

ပြည်သူများ၊ တောင်သူလယ်သမားများနှင့် အလုပ်သမားများ လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်ဟူသည့် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်လူဦးရေ၏ ၇၀ ရာနှုန်းမျှသော တိုင်းရင်းသားပြည်သူများနေထိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစီမံချက်ကို ၂၀၁၁ ခုနှစ် ဇူလိုင်လမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကာလသတ်မှတ်ပြီး

လုပ်ငန်းကဏ္ဍ(၈)ရပ် ချမှ
ပြည်ထောင်စုကြီးတစ်ခုလုံ
ထိုအထဲ၌ တိုင်းရင်းသာ
ကျောသားရင်သားမခွဲ တို
နေပြီဖြစ်သည်။ ယခင်က
အရောက်အပေါက်နည်းခဲ့ရ
ဤခေတ် ဤအခါရောက်မှ
လွှတ်တော်ကိုယ်စားလှယ်
လွှတ်တော်တွင် ဆွေးနွေး
ဖော်ပြခံရလျက် ပြည်သူ
ပေပြီ။ ဤသည်ပင်လျှင်
ဖြစ်ခဲ့ပေမည်။

**ယခင်က ပြည်ထေ
လုံခြုံရေးအားနည်းခဲ့ခြင်း
တို့ကြောင့် တိုင်းရင်းသား
ယခုအခါ တနင်္သာရီတိုင်
စီးပွားရေးဇုန်၊ ရခိုင်ပြည်န
ဇုန်စသည့် Mega Proje
ဖြစ်သည်။ ဤသို့အားဖြင့်
မကြုံဖူးသည့် စီးပွားရေးအ
ပေါ်ထွန်းလာမည်ဖြစ်ရာ
သွားရောက်လုပ်ကိုင်နေရ
တော့မည်။** ထိုသို့ ဆောင်
ဆန္ဒသဘောထားနှင့် မည်
အမြတ်ရှိသည်ဖြစ်စေ ပြည်
သည်ဖြစ်ရာ ကချင်ပြည်န
ဆောင်ရွက်ဆဲ မြစ်ဆုံတမံ
ခဲ့ပေသည်။

ဤမည်သော ပြည်ထေ
လှသည့် ဖြစ်စဉ်တို့ကို ဖော်
များ၏ ယုံကြည်မှုကို ရပ
ကျင်းပခဲ့သည့် အင်ဒိုနီး
ခုနှစ်အတွက် အာဆီယံအ
တည်း တာဝန်ပေးအပ်ခြေ
နိုင်ငံနှင့် ဆက်ဆံရေးတွင်
ပြည်ထောင်စုအပါအဝင် ဒ
ခဲ့သည်။ အမေရိကန်နိုင်ငံ
ကဲ့သို့သော မြန်မာနိုင်ငံသ
ငါးဆယ်ကျော်ကာလအတွ
နောက်ပိုင်းတွင် စင်ကာပူ၊
အနောက်နိုင်ငံများမှ ဝန်ကြ
များလည်း မှိုပွင့်သကဲ့သို့

ယနေ့အ
ခံလျက် အသ
စိန်ခေါ်မှုများန
များကို ပြည်ေ
ကောင်းတို့ကို

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကိုကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

လုပ်ငန်းကဏ္ဍ(၈)ရပ် ချမှတ်ကာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေပြီဖြစ်သည်။ ပြည်ထောင်စုကြီးတစ်ခုလုံး၌ မြို့နယ်ပေါင်း ၃၃၀၊ မြို့နယ်ခွဲ ၈၂ ခု ရှိပေရာ ထိုအထဲ၌ တိုင်းရင်းသားအများစုနေထိုင်ရာ ဒေသများလည်း ပါဝင်နေပြီး ကျေးသားရင်သားမခွဲ တိုင်းရင်းသားအားလုံးအတွက် တစ်ပြေးညီ ဆောင်ရွက်နေပြီဖြစ်သည်။ ယခင်က လုံခြုံရေးကိစ္စအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် အရောက်အပေါက်နည်းခဲ့ရသော သွေးချင်းတို့ဒေသများမှ လိုအပ်ချက်များသည်လည်း ဤခေတ် ဤအခါရောက်မှသာ ၎င်းတို့ကိုယ်တိုင် ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ စုံလင်လေးနက်စွာ တင်ပြမှုကြောင့် လွှတ်တော်တွင် ဆွေးနွေးခံရကာ သတင်းစာ စာမျက်နှာများတွင် ဝက်ဝက်ကွဲ ဖော်ပြခံရလျက် ပြည်သူအားလုံးလည်း သိကြားနားလည် ကိုယ်ချင်းစာနာနိုင်ခဲ့ပေပြီ။ ဤသည်ပင်လျှင် ငြိမ်းချမ်းခြင်းရောင်နီ၏ ရွှေ့ပြေးအလင်းရောင်တစ်ခု ဖြစ်ခဲ့ပေမည်။

ယခင်က ပြည်ထောင်စုသားအချို့တို့အကြား စိတ်ဝမ်းကွဲပြားမှုကြောင့် လုံခြုံရေးအားနည်းခဲ့ခြင်းနှင့် အမြတ်အစွန်း ရှေ့တန်းတင်သည့် စီးပွားရေးပုံစံတို့ကြောင့် တိုင်းရင်းသားဒေသများတွင် ရင်းနှီးမြှုပ်နှံမှု နည်းပါးခဲ့ရသော်လည်း ယခုအခါ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်ရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်၊ ရခိုင်ပြည်နယ်တွင် ကျောက်ဖြူရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်စသည့် Mega Project စီးပွားရေးလုပ်ငန်းကြီးတို့ကို ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ ဤသို့အားဖြင့် ဒေသခံတိုင်းရင်းသားတို့အတွက် မည်သည့်ခေတ်ကမျှ မကြုံဖူးသည့် စီးပွားရေးအခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာမည်ဖြစ်ရာ ပြည်ပသို့ တရားမဝင်အလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်နေရသည့် အခက်အခဲကို အောင်မြင်စွာ ကျော်လွှားနိုင်ပေတော့မည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းမျှသာမက တိုင်းရင်းသားပြည်သူလူထု၏ ဆန္ဒသဘောထားနှင့် မညီညွတ်ပါကလည်း မည်သည့်ကဏ္ဍတွင် မည်မျှအကျိုးအမြတ်ရှိသည်ဖြစ်စေ ပြည်သူတို့ကိုသာ ဦးစားပေး၍ နောက်ဆုတ်ရန် ဝန်မလေးခဲ့သည်ဖြစ်ရာ ကချင်ပြည်နယ်မှ ပြည်သူအများစုပါဝင်သော ပြည်သူတို့၏ဆန္ဒအရ ဆောင်ရွက်ဆဲ မြစ်ဆုံတမံရေအားလျှပ်စစ်စီမံကိန်းကို အဆုံးရှုံးခံ၍ ရပ်ဆိုင်းပေးခဲ့ပေသည်။

ဤမည်သော ပြည်ထောင်စုကြီး၏ စည်းချက်ညီသော အရွေ့တို့က အရေးပါလှသည့် ဖြစ်စဉ်တို့ကို ဖော်ဆောင်နိုင်ခဲ့ပေရာ အာဆီယံဒေသတွင်း အသင်းဝင်နိုင်ငံများ၏ ယုံကြည်မှုကို ရယူတည်ဆောက်နိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ ဘာလီ အာဆီယံထိပ်သီးညီလာခံ၌ ၂၀၁၄ ခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌနေရာကို မြန်မာနိုင်ငံအား တညီတညွတ်တည်း တာဝန်ပေးအပ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပေသည်။ ထို့မျှမက မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတွင် ကာလအတန်ကြာအေးစက်နေခဲ့သော အမေရိကန်ပြည်ထောင်စုအပါအဝင် အနောက်နိုင်ငံများနှင့် ဆက်ဆံရေးပြန်လည်တိုးတက်လာခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီကလင်တန်၏ ခရီးစဉ်ကဲ့သို့သော မြန်မာနိုင်ငံသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏ နှစ်ပေါင်း ငါးဆယ်ကျော်ကာလအတွင်း ပထမဆုံးခရီးစဉ်မျိုးလည်း ရှိလာခဲ့သည်။ ထိုခရီးစဉ်နောက်ပိုင်းတွင် စင်ကာပူ၊ ဗြိတိန်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးများ၏ ခရီးစဉ်များ၊ အနောက်နိုင်ငံများမှ ဝန်ကြီးများအပါအဝင် အဆင့်မြင့်အရာရှိကြီးများ၏ ခရီးစဉ်များလည်း မှိုပွင့်သကဲ့သို့ ဝွားစွင့်ပေါ်ထွန်းလာခဲ့သည်။

ပြည်ထောင်စုကြီးကို ငြိမ်းချမ်းတည်ငြိမ်စွာဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်အောင် ဆောင်ရွက်ရင်းနှင့်ပင် နိုင်ငံတော်သမ္မတကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့သို့လည်း ချစ်ကြည်ရေးအလည်အပတ်ခရီး သွားရောက်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသို့လည်း အာဆီယံထိပ်သီးအစည်းအဝေးတက်ရင်း ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့သည်။ မြန်မာနိုင်ငံသို့လည်း ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် မစ္စရှိတ်ဟာဆီနာဝါဇိတ်နှင့် ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ် မစ္စတာမီခေးလ်ဗွီမီ ယာစညီကိုဗစ်ချ်တို့သည် ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြသည်။ ခိုင်မြဲသော ပြည်ထောင်စုကြီးဖြစ်ခြင်းက နိုင်ငံနှင့်တကွ တိုင်းရင်းသားပြည်သူတို့ကို သိက္ခာတက်စေလျက် ဧည့်ကောင်းတို့ကို စိတ်ဝင်စားစေသကဲ့သို့ ထိုဧည့်သည်တို့ကလည်း ခိုင်မြဲသော ပြည်ထောင်စုကြီးကို ပိုမိုခိုင်မြဲစေရေး ပံ့ပိုးပေးပြန်သည်။

ပြည်ထောင်စုကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူတို့၏ အခန်းကဏ္ဍသည် အခြေခံကျလှပေရာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ပြီး တိုင်းပြည်ငြိမ်းချမ်းမှသာ ဒီမိုကရေစီစနစ်ကို ထိရောက်စွာ ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ထိုသို့ ဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရင်းဖြင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်သည့်အခါ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝမှာလည်း တိုးတက်မြင့်မားလာမည်ဖြစ်ပေသည်။ သို့ဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ဤပြည်ထောင်စုကြီးအတွက် မရှိမဖြစ် အထူးလိုအပ်လှပေသည်။

ယနေ့ အချိန်အခါသည်ကား ပြည်ထောင်စုကြီးကို ဒီမိုကရေစီစနစ်အခြေခံလျက် အသစ်တစ်ဖန် တည်ဆောက်နေရချိန်ဖြစ်ရာ ရုန်းကန်လှုပ်ရှား စွန့်စားရမည့် စိန်ခေါ်မှုများနှင့်အတူ အခွင့်အလမ်းကောင်းများလည်း ရှိပေသည်။ ထိုစိန်ခေါ်မှုများကို ပြည်ထောင်စုစိတ်ဓာတ်အခြေခံလျက် ရင်ဆိုင်ကျော်လွှားကာ အခွင့်အလမ်းကောင်းတို့ကို အမိအရ ဆုပ်ကိုင်ထားရန် လိုအပ်ပေသည်။

လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များ၊ နိုင်ငံတစ်ဝန်းလုံးကို အခြေတည်ထားသည့် နိုင်ငံရေးအဖွဲ့အစည်းများ အနေဖြင့်လည်း ပြည်ထောင်စုကြီးကို ဤမျှအခြေခိုင်သည်အထိ တည်မိပြီးဖြစ်ရာ မိမိတို့၏မူဝါဒကို အသေဆုပ်ကိုင်လျက် အငြင်းပွားနေကြမည့်အစား၊ အမြင်မှား အပြစ်စကားဆိုနေကြမည့်အစား မတူသည်များကို အသာထား၍ တူသည်များကို စည်းလုံးညီညွတ်စွာဖြင့်ရိုင်းပင်းဆောင်ရွက်ကြမည်ဆိုလျှင် ကြီးပွားတိုးတက်အရာထင်မည့် ရေခံမြေခံကောင်းတို့က ပြည်ထောင်စုအတွင်း ရှိပြီးဖြစ်ပေသည်။ ဤရေဤမြေ ဤပြည်ထောင်စုသည် တိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သည့် ရေမြေဖြစ်သည့်အလျောက် ပြည်ထောင်စုကြီး နိမ့်လျှောတိမ်မြုပ် ပျောက်ကွယ်မသွားရေးကိုလည်း ပြည်ထောင်စုတိုင်းရင်းသားနိုင်ငံသားတိုင်း အားလုံးဝိုင်းဝန်းစောင့်ရှောက် ကာကွယ်သွားကြရမည်သာဖြစ်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်ထောင်စုတိုင်းရင်းသားတို့၏ အခန်းကဏ္ဍသည် အခြေခံကျပြီး ယင်းတို့ကို အခြေတည်သည့် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားတို့ တောင့်တင်းခိုင်မာရန်လည်း အထူးလိုအပ်လှပေသည်။ နိုင်ငံရေးအင်အားဖြစ်သည့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ပြီး ပြည်ထောင်စုကြီးငြိမ်းချမ်းမှသာ ဒီမိုကရေစီစနစ်ကို ထိရောက်စွာ ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးပြီး ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်မှသာ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝမှာလည်း တိုးတက်မြင့်မားလာမည် ဖြစ်ပေသည်။

စီးပွားရေးအင်အားတောင့်တင်းရန်အတွက်လည်း တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှု လိုအပ်ပေသည်။ နိုင်ငံတစ်ဝန်း နေရာအနှံ့အပြားတွင် ပြန့်ကျဲတည်ရှိနေသော သယံဇာတတို့ကို ထုတ်ယူရန်အတွက်လည်းကောင်း၊ စိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံထူထောင်ရေးအတွက် လည်းကောင်း နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူတို့၏ တညီတညွတ်တည်းအားထုတ်မှု လိုအပ်ပေမည်။ တိုင်းရင်းသားအားလုံး မျိုးစုံပါဝင်သည့် အသိပညာရှင် အတတ်ပညာရှင် လူသားအရင်းအမြစ်အုပ်စုကြီးကသာ သဘာဝသယံဇာတတို့ကို စနစ်တကျအသုံးချလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို ဖော်ဆောင်နိုင်ပေလိမ့်မည်။

ဤသော စည်းလုံးညီညွတ်မှုသရုပ်သကန်သည်ကား မြစ်မင်းဧရာ၏ ရင်ခွင်ထဲမှ ညီညာစုစည်း ခရီးနှင်လာသော ဝါးဖောင်တို့နှယ်တည်း။ မြစ်မင်းဧရာကို ကမ္ဘာ့ဇာတ်ခုံအဖြစ် မြင်ကြည့်မည်ဆိုလျှင် ညီညွတ်မှုပျက်ပြားသွားသော နိုင်ငံအချို့တို့ကို အစည်းပြေလျက် ဖွဲ့စည်းပုံပျက်ကာ ပတ်ဝန်းကျင်ကို ဒုက္ခပြုနေသော ဝါးဖောင်တို့အဖြစ်လည်းကောင်း၊ စည်းလုံးညီညာလျက် ဖွံ့ဖြိုးစည်ပင်သောနိုင်ငံတို့ကို သေသပ်ကျနလှပစွာ ခရီးနှင်နေသော ဝါးဖောင်တို့အဖြစ်လည်းကောင်း နှိုင်းယှဉ်၍ ရကောင်းပေလိမ့်မည်။ ထိုသော ပြိုပျက်သွားသည့် ဝါးဖောင်တို့မှ ဝါးတို့သည်ကား သူတစ်ချောင်းကိုယ်တစ်ချောင်း ဆွဲယူခံရလျက် ဖရိုဖရဲထပ်မံဖြစ်ကြရပြန်လေရာ ထိုဖြစ်အင်ကား မိမိတို့ပြည်ထောင်စုကြီးနှင့် လားလားမျှမလျော်၊ ရှောင်ကြဉ်သော်မှ သင့်ပေမည်။ သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ ပြည်ထောင်စုသား တိုင်းရင်းသားတို့ကား ရှိပြီးသား စည်းလုံးမှုကို အခြေတည်လျက် အနာဂတ်ရည်မှန်းချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးသို့ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ချီတက်လျှောက်လှမ်းကြမှသာ မြန်မာဟူသောအမည်ကို ကမ္ဘာကုန်သည်အထိ မော်ကွန်းတင်နိုင်မည် ဖြစ်ပေတော့သည်။ ။

> ယနေ့အချိန်အခါသည်ကား ပြည်ထောင်စုကြီးကို ဒီမိုကရေစီစနစ်အခြေခံလျက် အသစ်တစ်ဖန်တည်ဆောက်နေရချိန်ဖြစ်ရာ ရုန်းကန်လှုပ်ရှားစွန့်စားရမည့် စိန်ခေါ်မှုများနှင့်အတူ အခွင့်အလမ်းကောင်းများလည်း ရှိပေသည်။ ထိုစိန်ခေါ်မှုများကို ပြည်ထောင်စုစိတ်ဓာတ်အခြေခံလျက် ရင်ဆိုင်ကျော်လွှားကာ အခွင့်အလမ်းကောင်းတို့ကို အမိအရ ဆုပ်ကိုင်ထားရန် လိုအပ်ပေသည်။

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကာတွန်း



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့နံနက် ၇ နာရီတွင် နေပြည်တော် ဘော်လီဘောအားကစားကွင်း၌ ကျင်းပသော ၂၀၁၂ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။**(ယာပုံ)**

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းတို့ ကွင်းအတွင်းဝင်ရောက် နေရာယူထားကြပြီး ပြည်ထောင်စု ဝန်ကြီးက ပြိုင်ပွဲကျင်းပပေးရခြင်း ရည်ရွယ်ချက်(၃)ရပ်ဖြစ်သော အမျိုးသားကျန်းမာကြံ့ခိုင်ရေး (National Fitness) အတွက် အထောက်အကူ ဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ အပန်းဖြေမှုဖြစ်သကဲ့သို့ ပျော်ပျော် ရွှင်ရွှင်၊ စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင်ဖြစ်စေရေး၊ ဝန်ထမ်းများ တက်ကြွရွှင်လန်း စွာဖြင့် မိမိတာဝန်ဝတ္တရားများကို ပိုမိုထမ်းရွက်နိုင်စေရေးတို့နှင့် အားကစားသမား ကောင်းများ၏ အမူအကျင့်နှင့် မိမိတို့၏ ပင်ကိုစွမ်းရည်များကို ဖော်ထုတ်ပြသ ယှဉ်ပြိုင်ရေး၊ အားကစားသမားများအချင်းချင်း ချစ်ခင်ရင်းနှီးစွာ အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ယှဉ်ပြိုင်ကစားကြရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး အရည် အသွေး၊ အရည်အချင်းထက်မြက်မြင့်မားသည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်လာရန် ကြိုးပမ်းသွားကြရေးများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဖွင့်ပွဲနေ့ပြိုင်ပွဲအဖြစ် အားကစားဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိ မြို့နယ် အားကစားဇုန်အတွင်း တည်ဆောက်နေသည့် ဖူဆယ်ဘောလုံး အားကစား လေ့ကျင့်ရေးခန်းမ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြားပစ် ပြိုင်ပွဲကျင်းပမည့် အားကစားကွင်းနှင့် မြေထိန်းနံရံတည်ဆောက်နေမှုနှင့် (၂၇)ကြိမ် မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တာဝေးအားကစားနည်းများ ကွပ်ကဲမှု ရုံးခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားလေ့ကျင့်ရေး ကွင်း/ရုံများအား အဆင့်မြှင့်ပြင်ဆင်ဆောက်လုပ်ပေးနေခြင်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီး အောင် ဆောင်ရွက်ရေးမှာကြားခဲ့သည်။

ထို့နောက် နေပြည်တော်လယ်ဝေးမြို့နယ်အားကစားကွင်း အဆင့်မြှင့် တည် ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး မိုးလုံလေလုံအားကစားရုံနှစ်ရုံကို အမိုးများ တပ်ဆင်နေမှုနှင့် အားကစားကွင်းအတွင်း မီတာ ၅၀ သေနတ်ပစ်ကွင်း ဆောက် လုပ်ရန် လျာထားသည့် မြေနေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ သေနတ်ပစ်ကွင်း ပြီးစီးပါက မြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားသမားများ လာရောက် လေ့ကျင့်နိုင်ရေး၊ ဘောလုံးကွင်း အရှေ့ဘက်ခြမ်း လစ်လပ်နေရာများအား လိုအပ်သည့် အားကစား လေ့ကျင့်ရေးရုံများ ထပ်မံတိုးချဲ့တည်ဆောက်ပေးနိုင်ရေးအတွက် လျာထား တင်ပြပေးရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပင်လယ်ထက်က နေဝန်းနီ ရုပ်ရှင်ဇာတ်ကားတွင် ထူးချွန်ဆုရရှိခဲ့သော အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကင်း-စိုးမင်း

မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းက ဦးမြင့်ခိုင်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၈

၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု အများဆုံးရရှိခဲ့သော "ပင်လယ်ထက်က နေဝန်းနီ" ရုပ်ရှင် ဇာတ်ကားတွင် အကောင်းဆုံး ထူးချွန် ဆုရရှိခဲ့သော အနုပညာရှင်၊ အတတ် ပညာရှင်များအား ဂုဏ်ပြုပွဲ အခမ်း အနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Studio 35 ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် ရွှေနေခြည် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းက "ပင်လယ်ထက်က နေဝန်းနီ" ရုပ်ရှင်ဇာတ်ကားဖြင့် ရုပ်ရှင် ထူးချွန်ဆု ငါးဆု ရရှိအောင် ဆောင် ရွက်ခဲ့ကြသည့် အနုပညာရှင်၊ အတတ် ပညာရှင်များအား ဂုဏ်ပြုဆုချီးမြှင့်ရ ခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းက အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရ အကယ်ဒမီ ပန်းချီစိုးမိုးအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀ နှင့် အနုပညာလုပ်ငန်းများ၌ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့မှုအတွက် Studio 35 ရွှေရင်ထိုးတံဆိပ် ချီးမြှင့်သည်။

ထို့နောက် အကောင်းဆုံး ရုပ်ရှင် ဇာတ်ညွှန်းဆုရရှိသူ အကယ်ဒမီခင်မောင် ဦးနှင့် စိုးသိမ်းထွဋ်၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရရှိသူ အကယ်ဒမီ ခင်မောင်ဦးနှင့် စိုးသိမ်းထွဋ်၊ အကောင်း ဆုံး ရုပ်ရှင်တည်းဖြတ်ဆုရ ထပ်ဆင့် အကယ်ဒမီ ဦးမြင့်ခိုင်နှင့် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရရှိသူ အကယ်ဒမီ ဝေဠုကျော်တို့အား ငွေကျပ် သိန်း ၂၀ စီ ဂုဏ်ပြုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အကောင်းဆုံး ရုပ်ရှင် ဓာတ်ပုံဆုရရှိသူ အကယ်ဒမီ ပန်းချီစိုးမိုးက "ဘယ်ကားရိုက်ရိုက် အကောင်းဆုံးလုပ်ခဲ့၊ ရုပ်ရှင်ပဲဖြစ်ဖြစ်၊ ပန်းချီပဲဖြစ်ဖြစ်၊ နှစ်နှစ် ကာကာ လေးလေးနက်နက် ကြိုးကြိုး စားစားလုပ်၍ ညီမျှသည့်ဆုရရှိမှာပါ။ အမြဲကြိုးစားလျှင် အမြဲဆုရမှာပါ"ဟု ဝမ်းသာစကားဆိုသည်။

ဆက်လက်၍ အကောင်းဆုံးရုပ်ရှင် တည်းဖြတ်ဆုရ ထပ်ဆင့်အကယ်ဒမီ ဦးမြင့်ခိုင်ကလည်း "ပင်လယ်ထက်က နေဝန်းနီ ဇာတ်ကားက ပထမရှည်နေတဲ့ အတွက် ဇာတ်လမ်းကို ဖြတ်ရာမှာ မူလဇာတ် မပျက်စီးအောင် လုပ်ပေးခဲ့ ရပါတယ်။ ဒါရိုက်တာများကလည်း ရိုက်ကူးတည်းဖြတ်မှုကောင်းတဲ့အတွက် ဒီကားက အောင်မြင်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

ထို့နောက် အကောင်းဆုံး ရုပ်ရှင် ဇာတ်ညွှန်းဆုနှင့် အကောင်းဆုံး ရုပ်ရှင် ဒါရိုက်တာဆုများရရှိသူ အကယ်ဒမီ ခင်မောင်ဦးနှင့် စိုးသိမ်းထွဋ်တို့ကလည်း "ဒီကားကို ပင်ပင်ပန်းပန်း အခက်အခဲ များစွာကို ကျော်ဖြတ်ပြီး ရိုက်ခဲ့ရပါတယ်။ အခုလို ထူးချွန်ဆုရတဲ့အတွက် ဝမ်းသာ ရပါတယ်။ မြန်မာပြည်တောင်ပိုင်း ပင်လယ်ကမ်းခြေမှာရိုက်ရပြီး Out Door ရိုက်ရတဲ့အတွက် လွတ်လွတ်လပ်လပ်နဲ့ ပျော်စရာကောင်းပါတယ်။ ဒီနှစ် ရိုက်ကူးတဲ့ ၁၅ ကားထဲမှာ ပင်လယ် ကမ်းခြေမှာ ရိုက်ကူးထားတဲ့အတွက် ဒီကားက ထူးခြားနေပါတယ်။ ထူးချွန် ဆုရတဲ့ ငါးဦးထဲမှာ ဝေဠုကျော်ကလွဲပြီး အားလုံး အသက် (၇၀) ဝန်းကျင် တွေပါပဲ၊ အားလုံး တက်ညီလက်ညီ ကြိုးစားခဲ့ကြလို့ ထူးချွန်ဆု ငါးဆု ရခဲ့တာဖြစ်ပါတယ်" ဟု ပြောကြား သွားသည်။

ဆက်လက်၍ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ အကယ်ဒမီ ဝေဠုကျော်ကလည်း "အကယ်ဒမီ ထူးချွန်ဆုဆိုတာ အနုပညာသမားတွေ အတွက် မှတ်တိုင်ပါပဲ။ ရုပ်ရှင်သရုပ် ဆောင်တွေအတွက် အားဆေးတစ်ခွက် ပါပဲ။ ကျွန်တော့်ကို ပြည်သူတွေက ဒီဆုကိုရယူပေးခဲ့တာပါ။ ရုပ်ရှင် ဆင်ဆာဥပဒေကို ဖြေလျှော့ပေးခဲ့တဲ့ အတွက် ကျေးဇူးတင်ပါတယ်။ ခိုးကူးခွေကိစ္စကိုလည်း ဖမ်းပေးပါလို့ ပြောချင်ပါတယ်။ ကျွန်တော် အခု တိုးမဟာဖောင်ဒေးရှင်းမှာ ဒုတိယ ဥက္ကဋ္ဌ လုပ်နေပါတယ်။ သွေးလိုအပ် နေသူတွေကို ၂၄ နာရီ သွေးလှူရှင် တွေရှာပေးတဲ့လုပ်ငန်း ဖြစ်ပါတယ်။ ကျွန်တော် ရုပ်ရှင်၊ ဗီဒီယိုရိုက်ရင်း တစ်ဖက်ကလည်း လူမှုရေး ပရဟိတ လုပ်ငန်းတွေ ဆက်လုပ်သွားပါ့မယ်"ဟု ပြောကြားသွားသည်။

အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုနှင့် အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆု ရရှိသူ အကယ်ဒမီ ခင်မောင်ဦးနှင့် စိုးသိမ်းထွဋ်။

အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရ အကယ်ဒမီ ပန်းချီစိုးမိုး။

အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆုရ အကယ်ဒမီ ဝေဠုကျော်။

စက်သုံးဆီ ရောင်းဈေးနှုန်းများ

၈-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

Mean of Platts Singapore Price(MOPS)အရ ရန်ကုန်ဆိပ်ကမ်းအရောက်ဈေးနှုန်း	ဓာတ်ဆီ 92 Ron	ဒီဇယ်ဆီ
USD/IG	၃. ၆၈	၃. ၈၈
ကျပ်/ဂါလန် (1 USD=800 Kyats) နိုင်ငံခြားငွေရောင်းဝယ်လဲလှယ်ရေးဌာန (သိမ်ဖြူရောင်းဈေးနှုန်း)	၃၀၄၃. ၃၆	၃၂၀၈. ၇၆

အာရှနိုင်ငံများ၏ ရောင်းဈေးနှုန်းများ	(အမေရိကန်ဒေါ်လာ/ဂါလန်)	
နိုင်ငံ	ဓာတ်ဆီ 92Ron	ဒီဇယ်ဆီ
ကမ္ဘောဒီးယား	၅. ၈၈	၅. ၆၀
ထိုင်း	၄. ၉၉	၄. ၁၃
အိန္ဒိယ	၅. ၅၉	၃. ၄၈
တရုတ်	၄. ၃၇	၄. ၇၂
ဘင်္ဂလားဒေ့ရှ်	၄. ၈၈	၃. ၂၇
လာအို	၆. ၅၁	၈. ၃၆
စင်ကာပူ	၇. ၄၂	၅. ၉၁
အင်ဒိုနီးရှား	၃. ၅၃	၄. ၃၂
ဖိလစ်ပိုင်	၅. ၈၃	၄. ၅၅
ဘရူနိုင်း	၁. ၈၅	၁. ၁၃
ကိုရီးယား	၇. ၉၆	၇. ၃၄

ဒေသအလိုက် ပြည်တွင်းရောင်းဈေးနှုန်းများ (ကျပ်/ဂါလန်)						
ဒေသများ	ပြည်တွင်းထုတ် ဓာတ်ဆီ		ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီ 92Ron		ပြည်ပမှတင်သွင်းသည့် ဒီဇယ်ဆီ	
	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း
နေပြည်တော်	၃၅၀၀	၃၈၀၀	၃၈၀၀	၃၇၀၀	၃၆၅၀	၃၅၀၀
ရန်ကုန်	၃၃၅၀	၃၄၀၀	၃၆၅၀	၃၇၀၀	၃၅၅၀	၃၄၀၀
မန္တလေး	၃၅၀၀	၃၉၀၀	၄၀၀၀	၄၁၀၀	၃၆၀၀	၃၆၀၀
ပုသိမ်	၃၄၅၀	၃၆၀၀	၃၇၀၀	၃၅၀၀	၃၆၅၀	၃၃၀၀
ပြည်	၃၅၀၀	၃၅၀၀	၃၇၀၀	၃၇၀၀	၃၅၅၀	၃၅၅၀
မကွေး	၃၅၀၀	၄၀၀၀	၄၁၀၀	၄၀၀၀	၃၈၀၀	၃၅၀၀
မုံရွာ	၃၅၀၀	၄၀၀၀	၄၃၀၀	၃၉၀၀	၃၉၀၀	၃၄၀၀
တောင်ကြီး	၃၆၀၀	၄၀၀၀	၃၉၀၀	၃၉၀၀	၃၈၀၀	၃၇၀၀
လားရှိုး	၃၆၀၀	၄၀၀၀	၄၄၀၀	၄၀၀၀	၃၉၀၀	၃၆၀၀
ကျိုင်းတုံ	-	-	၄၁၅၀	၄၁၅၀	၄၃၀၀	၄၃၀၀
မော်လမြိုင်	၃၄၅၀	၃၅၀၀	၃၉၀၀	၃၅၀၀	၃၆၀၀	၃၄၀၀
လွိုင်ကော်	၃၇၀၀	၄၀၀၀	၄၀၀၀	၃၉၀၀	၃၈၀၀	၃၈၀၀
ဘားအံ	၃၅၀၀	၃၄၀၀	၃၆၀၀	၃၃၀၀	၃၆၀၀	၃၅၀၀
မြိတ်	၃၆၀၀	-	-	၃၃၀၀	-	၃၂၀၀
စစ်တွေ	၃၆၅၀	၄၀၀၀	၄၄၀၀	-	၄၃၅၀	၃၃၅၀
မြစ်ကြီးနား	၃၆၅၀	၅၀၀၀	-	၄၇၀၀	၄၈၀၀	၄၀၀၀
ဟားခါး	၃၉၅၀	၅၅၀၀	၄၄၅၀	၄၅၀၀	၄၀၅၀	၄၂၀၀

စွမ်းအင်ဝန်ကြီးဌာန၏ ပြည်တွင်းထုတ်ဓာတ်ဆီရောင်းဈေးနှုန်းကို ဈေးကွက် ပေါက်ဈေးဖြင့် ပြင်ဆင်သတ်မှတ်ရောင်းချနိုင်ရေး ဆောင်ရွက်ခဲ့ရာတွင် ၁-၁-၂၀၁၂ ရက်နေ့မှစ၍ ရန်ကုန်မြို့၌ အထိုင်ဈေးတစ်ဂါလန်လျှင် ၃၀၀၀ ဈေးနှုန်းသို့ စတင်ပြင်ဆင် သတ်မှတ်ရောင်းချခဲ့ပြီး ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကိုလည်း ဈေးနှုန်း အရှင်ဖြင့် လွတ်လပ်စွာပြန်လည်ရောင်းချခွင့်ပြုခဲ့သည့်အပြင် လိုအပ်သည့်နေရာများတွင် စွမ်းအင်ဝန်ကြီးဌာနအရန်ဆီများ ထပ်မံဖြည့်တင်းရောင်းချပေးနေသဖြင့် ပြည်တွင်းထုတ် ဓာတ်ဆီ ပြင်ပပေါက်ဈေးနှုန်းများ သိသာစွာကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

အားကစားဝန်ကြီးဌာန အားကစား နှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲနှင့် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲများကို မတ် ၁ ရက်မှစ၍ ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၂ ခုနှစ် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် စစ်တုရင် အားကစားမယ်များသည် ဖေဖော်ဝါရီ ၂၉ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ရုံးအဖွဲ့မှူး ဦးမျိုးဇော်မင်း ဖုန်း-၀၉-၇၃၁၆၈၂၈၄၊ ၇၇၅၅၇၃ တို့သို့ အမည်စာရင်းသွင်းပြီး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ မေးမြန်းစုံစမ်း နိုင်သည်။

၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဇော်ဦးနှင့် ဟံမင်းစိုး၊ လယ်ယာစိုက် ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝင်းဇော်ထွန်း၊ ညီညီလွင်၊ ဇော်ဝင်း၊ သန်းမင်းလှိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ကျော်လင်းနိုင်၊ ဌေးမင်းလွင်၊ ဝင့်သူ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အောင်မျိုးလှိုင်၊ ဝင်းထွန်း၊ နေဦးကျော်ထွန်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာနမှ ကျော်ကျော်စိုး၊ မျိုးနိုင်၊ မင်းထူး၊ မန္တလေးတိုင်းဒေသကြီးမှ သူရိန် မောင်တို့သည် ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာစစ်တုရင် အဖွဲ့ချုပ်ခန်းမ၌ ကျင်းပမည့် အားကစား သမားများပါဝင်သော အစည်းအဝေးသို့ တက်ရောက်ရမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(ဦးကျော်-သတင်းစဉ်)

တွံတေးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၈

တွံတေးမြို့နယ်အသင်း (ရန်ကုန်) (၁၂)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံး ကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံ၌ ကျင်းပရာ အသင်းနာယကများ၊ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်း သား အသင်းသူများ တက်ရောက်ကြပြီး အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းနှင့် နာယက ဗိုလ်ချုပ်သောင်းတင် (ငြိမ်း)တို့က အမှာ စကား ပြောကြားကြသည်။

ဆက်လက်၍ အမှုဆောင်အဖွဲ့၏ သင်းလုံးကျွတ်အစည်းအဝေး အစီရင် ခံစာ၊ ငွေစာရင်းရှင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာတို့ကို အသင်းအတွင်းရေးမှူး ဦးချစ်လှိုင်က ဖတ်ကြားတင်ပြ အတည်ပြု ချက်ရယူပြီး (၇၅)နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများအား ကန်တော့ကြသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် အသင်း ဝင်များ၏ သားသမီးများနှင့် နိုင်ငံတော် အဆင့် ဂီတ၊ သဘင်၊ အနုပညာ၊ စာပေ နှင့် အားကစားပြိုင်ပွဲတို့၌ ထူးချွန်သူများ အား ဆုများချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတကာ အားကစား သတင်း

ရိုးမားကွင်းလယ်ကစားသမား ဒီရော့စီ မန်ယူနှင့် ချယ်လ်ဆီးတို့၏ ကမ်းလှမ်းမှုကို လျစ်လျူရှု၍ ရိုးမားနှင့် ငါးနှစ်စာချုပ်ထပ်မံချုပ်ဆို

ရောမ ဖေဖော်ဝါရီ ၈

အီတလီစီးရီးအေကလပ် ရိုးမားကွင်းလယ်ကစားသမား ဒန်နီယယ်ဒီရော့စီသည် ၎င်း၏အနာဂတ်အတွက် သေချာရေရာသော ဆုံးဖြတ်ချက်တစ်ခု ချမှတ်မှုအနေဖြင့် ရိုးမားအသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုခဲ့သည်။

ရိုးမားကွင်းလယ်ကစားသမား ဒန်နီယယ် ဒီရော့စီ။

အသက်(၂၈)နှစ်ရှိ ဒီရော့စီသည် ယခုနှစ်ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် ရိုးမားနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ ၎င်းအား ဘာကလေပရီမီယာလိဂ် ထိပ်သီးကလပ်များဖြစ်သည့် မန်ယူနှင့် ချယ်လ်ဆီးအသင်းတို့က အင်္ဂလန်သို့ခေါ်ယူရန် ကမ်းလှမ်းထားခဲ့သည်။ သို့သော် ယခုအခါ ဒီရော့စီသည် ပရီမီယာလိဂ်အသင်းများ၏ စိတ်ဝင်တစား ကမ်းလှမ်းမှုကို လျစ်လျူရှုကာ ရိုးမားအသင်းနှင့်ပင် ပြန်လည်လက်တွဲခဲ့သည်။

အဆိုပါ အကြောင်းအရာနှင့် ပတ်သက်၍ ရိုးမားအသင်း၏ အထွေထွေ အားကစားအမှုဆောင်ဒါရိုက်တာ ဖရန်ကို ဘယ်လ်ဒီနီက ဒီရော့စီနှင့် စာချုပ်သစ် ထပ်မံချုပ်ဆိုမည့်အရေးကိစ္စမှာ မိမိတို့အတွက် ခက်ခဲစေခဲ့ကြောင်း၊ ၎င်းအား ပရီမီယာလိဂ်အသင်းများက တရားဝင် ကမ်းလှမ်းမှုပြုလုပ်ခဲ့ခြင်းက မိမိတို့ကို အခက်အခဲဖြစ်စေရုံသာမက ၎င်းအတွက်လည်း စဉ်းစားဆုံးဖြတ်စရာ ပိုတိုးစေခဲ့ကြောင်း၊ သို့သော် မိမိတို့နှင့် ယခုကဲ့သို့ ထပ်မံလက်တွဲခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။

နယူးကာဆယ်တိုက်စစ်မှူး လီယွန်ဘာတ် ဒူးဒဏ်ရာကြောင့် ရက်သတ္တခြောက်ပတ်ခန့် အနားယူရဖွယ်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၈

နယူးကာဆယ်တိုက်စစ်မှူး လီယွန်ဘာတ်သည် ဖေဖော်ဝါရီ ၅ ရက်ညက အက်စတွန်ဗီလာအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်အတွင်း အက်စတွန်ဗီလာကစားသမား စတီဖင် ဝါးနော့ခ်၏ ဖျက်ထုတ်မှုကြောင့် ဒူးဒဏ်ရာရရှိခဲ့သဖြင့် ရက်သတ္တခြောက်ပတ်ခန့် အနားယူရဖွယ်ရှိနေသည်။

နယူးကာဆယ်နည်းပြ အလန်ပါဒူးက လီယွန်ဘာတ်မှာ ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိသွားခြင်းဖြစ်ကြောင်း၊ ဆေးစစ်ချက်အတည်ပြုပြီးမှသာ ဒဏ်ရာ၏ အတိမ်အနက်ကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ သို့သော် ယင်းဒဏ်ရာရရှိခဲ့သည့် ကစားသမားများမှာ အနည်းဆုံးရက်သတ္တငါးပတ်မှ ခြောက်ပတ်အထိ အနားယူရန်လိုကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။

အင်တာနက် ကျန်းမာရေး သတင်း

ကြွက်များကြောင့် ဖြစ်ရသော ကြောက်မက်ဖွယ်ဗိုင်းရပ်စ်ပိုး ချီလီ၌ ပျံ့နှံ့

စန်တီယာဂို ဖေဖော်ဝါရီ ၈

ချီလီနိုင်ငံ ဘိုင်အိုအိုင်အိုဒေသ၌ ဖြစ်ပွားခဲ့သော တောမီးလောင်ကျွမ်းမှုများအတွင်း စားကျက်နေရာရွှေ့ပြောင်းလာကြသည့် ကြွက်များကြောင့် လူသားတို့၏ အသက်ကို ခြိမ်းခြောက်လာသည့် ဗိုင်းရပ်စ်ပိုးတစ်မျိုး ပျံ့နှံ့လျက်ရှိကြောင်း ချီလီကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် နေရာရွှေ့ပြောင်းလာသည့် ကြွက်များကြောင့် ပျံ့နှံ့နေသော ဗိုင်းရပ်စ်ပိုး (Hantavirus) များသည် တွင်းအောင်းသတ္တဝါများ၌ ရှိတတ်သည့် ဗိုင်းရပ်စ်ပိုး အမျိုးအစားဖြစ်ပြီး လူသားများအတွက် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများ၊ ကျောက်ကပ်ပျက်စီးမှုနှင့် အခြားသော ရောဂါဘယများအား ကူးစက်ဖြစ်ပွားစေနိုင်သည်။

ချီလီကျန်းမာရေးဌာန၏ အဆိုအရ တုပ်ကွေးရောဂါပိုးနှင့် အလားတူသော **စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍**

မိလ္လာကန်ထွက် ဘိုင်အိုဂက်စ်များမှာ လူတို့အတွက် ပြင်းထန်သည့် အဆိပ်ဓာတ်ငွေ့ဖြစ် ပွင့်ဖြူမြို့နယ်တွင် မိလ္လာကန်အတွင်း ရေဆိုးထုတ်ရင်း လေးဦး သေဆုံးကြရပြန်

နေပြည်တော် ဖေဖော်ဝါရီ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာအုပ်စု လယ်မကျေးရွာ၌ လွန်ခဲ့သော ၁၀ နှစ်ခန့်က အသုံးပြုခဲ့သော အကျယ်လေးတောင် အနက် ၁၀ တောင်ခန့်ရှိ မိလ္လာကန်မှ ရေဆိုးထုတ်ရန်အတွက် မိလ္လာကန်အတွင်း ဆင်းသက်သွားကြရာမှ ကန်တွင်းရှိ ဓာတ်ငွေ့များနှင့် အနံ့ဆိုးများကြောင့် အောက်ဆီဂျင်ပြတ်လပ်ကာ ပြန်တက်မလာနိုင်တော့ဘဲ မေ့မြောသွားခဲ့ပြီး ပတ်ဝန်းကျင်မှ ဝိုင်းဝန်းဆယ်တင်ကြသော်လည်း ဆေးရုံအသွားလမ်းခရီးနှင့် ဆေးရုံတွင် စုစုပေါင်း လေးဦး သေဆုံးသွားကြရသည့် ဖြစ်စဉ်တစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖေဖော်ဝါရီ ၇ ရက် ညနေ ၃ နာရီ ၂၅ မိနစ်တွင် လယ်မကျေးရွာနေ ဦးတင်ငွေ (၄၆ နှစ်၊ အဘ ဦးမှုံ)သည် လွန်ခဲ့သော ၁၀ နှစ်ခန့်က စတင်အသုံးပြုခဲ့သော မိလ္လာကန်မှ ရေဆိုးထုတ်ရန်အတွက် အဖော်ငါးဦးနှင့်အတူ မိလ္လာကန်အတွင်း ဆင်းသွားခဲ့သည်။

ထိုသို့ဆင်းသွားစဉ် ကန်အတွင်းရှိ ဓာတ်ငွေ့များနှင့် ပြင်းထန်သောအနံ့ဆိုးများကြောင့် အောက်ဆီဂျင် ပြတ်လပ်ကာ ပြန်တက်မလာနိုင်တော့ဘဲ မေ့မြောသွားခဲ့ကြသဖြင့် ပတ်ဝန်းကျင်ရွာသားများမှ ဝိုင်းဝန်းဆယ်တင်ခဲ့ပြီး ပွင့်ဖြူမြို့နယ်ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခရီး၌ ဦးမောင်ဝင်းဆိုသူမှာ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် သေဆုံးသွားခဲ့သည်။ ကျန်သူများအနက် အိမ်ရှင် ဦးတင်ငွေ၊ ချမ်းငြိမ်းဌေးနှင့် ကျော်မြင့်တို့ သုံးဦးမှာ ဆေးရုံရောက်ပြီး ကုသမှုခံယူနေစဉ်မှာပင် ညနေ ၅ နာရီခွဲခန့်တွင် ထပ်မံသေဆုံးသွားခဲ့သည်။ ကျန်နှစ်ဦးဖြစ်သည့် အောင်ကိုနှင့် အေးလွင်တို့မှာမူ ဆေးရုံတွင် ကုသမှုဆက်လက်ခံယူနေဆဲဖြစ်သည်။

မိလ္လာကန်အတွင်း လူများဆင်းသက်ရာမှ ပြန်တက်မလာနိုင်ဘဲ မူးလဲမေ့မြောသေဆုံးကြရမှုများမှာ မကြာခဏ ကြားသိနေရသော ဖြစ်စဉ်များဖြစ်သော်လည်း သတိမမူနိုင်ကြသည့်အတွက် ဆက်ကာဆက်ကာ ဖြစ်ပွားလျက်ရှိသည်။ မိလ္လာကန်ထွက် ဘိုင်အိုဂက်စ်များမှာ လူတို့အတွက် ပြင်းထန်သည့် အဆိပ်အတောက် ဓာတ်ငွေ့ဖြစ်ပေရာ လေဝင်လေထွက်အားနည်းပြီး အနံ့ဆိုးများရှိနေသည့်နေရာများ၊ အထူးသဖြင့် မိလ္လာကန်များအတွင်းသို့ ဆင်း၍ လိုရာလုပ်ငန်းဆောင်ရွက်ခြင်းများအား သတိတရားဖြင့် ဆင်ခြင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို



လှိုင်ဘွား(ပါရမီ)၏

အစည်းမပြေမှ ခရီးတွေလှမည်

“ပြည်ထောင်စုကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူတို့၏ အခန်းကဏ္ဍသည် အခြေခံကျလှပေရာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ပြီး တိုင်းပြည်ငြိမ်းချမ်းမှသာ ဒီမိုကရေစီစနစ်ကို ထိရောက်စွာ ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပေသည်။ ထိုသို့ ဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရင်းဖြင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်သည့်အခါ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝမှာလည်း တိုးတက်မြင့်မားလာမည် ဖြစ်ပေသည်။”

(ဆောင်းပါး) စာမျက်နှာ -၈၊ ၉

ညွန့်လှိုင်ဝင်း (ကွမ်းခြံကုန်း)၏

ပင်လုံမြေဆီ သက်သေတည်

(ကဗျာ) စာမျက်နှာ - ၈

သိန်းထွန်း၏

ငြိမ်းချမ်းရေး

(ကာတွန်း) စာမျက်နှာ ၉